The Agribiz News
www.agribiznews.com.mm
လယ်ယာစီးပွားသတင်း
e-Paper-0034 ၂၀၂၅ ခုနှစ် ဇွန် ၁ ရက်




# စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၂

**စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေး ကော်မရှင်၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေး၌ မန္တလေးလျှောင်ကြီးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍများတွင် ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည့် အစီအစဉ်များ ဆွေးနွေး ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ အလားတူ ၂၀၂၅-၂၀၂၆ ခုနှစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး လျာထားချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများဖြည့်ဆည်း ဆောင်ရွက်ရေးကိစ္စရပ်များနှင့် လက်ရှိသီးနှံများစိုက်ပျိုးသည့် ကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်များအားလုံး၌ လျာထားချက် ပြည့်မီမှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင် အထွက်နှုန်း ရရှိအောင် ဆောင်ရွက်နိုင်ရေး အတွက် အစီအမံများ၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးတင်ပြသွားရန်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လိုအပ်သော လမ်းညွှန် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) တွင် နိုင်ငံတော် အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက် ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် ကော်မရှင်ဝင်များ၊ ပြည်နယ် တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ကြပ်မတ်ဆောင်ရွက်ပြီး လိုအပ်ချက်ကိုတင်ပြဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် တစ်ဧက အထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်သကဲ့သို့ သီးထပ်စွမ်းအားများ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကဏ္ဍအနေဖြင့် များစွာ တိုးတက်လာမည် ဖြစ်ပြီး၊ ပို့ကုန်များလည်း ပိုမိုရရှိလာမည် ဖြစ်ကြောင်း၊

တစ်ဖက်ကလည်း ပြည်ပပို့ကုန်နှင့်ပတ်သက်ပြီး လုပ်ငန်းရှင် အသင်းအဖွဲ့/ အသင်းချုပ်များမှ ပို့ကုန်ရငွေ ပြန်လည်ပေးသွင်းရေးနှင့် ပြည်ပသို့ တင်ပို့သည့် Export လုပ်ငန်းစဉ်များ နိုင်ငံခြားငွေ မှန်ကန်စွာရရှိရေးတို့အား ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါကြောင်း၊

ပြည်တွင်း စားသုံးဆီဖူလုံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌ အများစု စိုက်ပျိုးကြသည့် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီအုန်း၊ ပဲပုပ်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေးနှင့် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက် ကြရန်လိုကြောင်း၊ စိုက်ပျိုးရန် ခွင့်ပြုထားသော မြေများကို စနစ်တကျအသုံးချ

စာ-၂ သို့

ရေပေါ်ရေလျှာနေ ငါးကွန်းရှပ် ၏အသုံးဝင်ပုံ.....
စာ-၈

ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ရွှေဘိုပေါ်ဆန်း.....
စာ-၁၆

မျက်နှာဖုံးမှ-

ရန် နှင့် အပြည့်အဝ စိုက်ပျိုးရန် လိုအပ်ကြောင်း၊

ငင်းအပြင် အခြေခံစားကုန်ပစ္စည်းများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်၊ ခရမ်းချဉ် နှင့် အခြားသီးနှံများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖူလုံမှုရှိစေရန် ပိုလျှံသည်များကိုအား ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသော အခြေခံစားကုန် သီးနှံများကို ဝယ်ယူလိုသော ပြည်ပဈေးကွက်လိုအပ်ချက်များ များစွာရှိပြီးဖြစ်၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော ထွက်ကုန်များ၊ စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာပြုလုပ်ပြီး ကျွေးမွေးနိုင်ပါကြောင်း၊ မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ခေတ်မီမွေးမြူရေး နည်းပညာများ၊ ကျွေးမွေးမှုနည်းစနစ် အသစ်များကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာ ဖော်ထုတ်ပြီး မွေးမြူရေး အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုရှိစေရန် ၊ ဆီထွက်သီးနှံများ အထွက်နှုန်းကောင်းစေရန်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိလာမည် ဖြစ်ပါကြောင်း၊

မိမိတို့နိုင်ငံ အနေဖြင့် ရေခံမြေခံကောင်းများနှင့် လုပ်အားအရင်းအမြစ်များရှိပြီးဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကိုမြှင့်တင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတဖူလုံစေရန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှု တိုးမြှင့်အောင် မိမိတို့အနေဖြင့် ကြိုပမ်း ဆောင်ရွက် သွားရန် လိုအပ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာ ကြားထားပါကြောင်း၊

ငလျင်ဒဏ်ကြောင့်ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန် လိုကြောင်း၊ ငလျင်ထိခိုက်မှု မရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနေဖြင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန် လိုကြောင်း ၊ မိမိတို့ အနေဖြင့် ပြည်သူများ၏ စားရေးအတွက် ပူပန်မှု မရှိအောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ငလျင်ဘေးဒဏ် ဖြစ်ပွားမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၌ ပြန်လည်ဆယ်တင်မှုများ ဆောင်ရွက်နိုင်ရေး၊ မလိုလားအပ်သည့် ထိခိုက် ဆုံးရှုံးမှုများ ဆက်လက် မဖြစ်ပေါ်လာစေရေး၊ လိုအပ်သော အသိပညာပေးမှုများကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြရန် ဖြစ်ကြောင်း၊

နိုင်ငံတော်အကြီးအကဲမှ ၂၀-၅-၂၀၂၅ ရက်နေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ဒေသများ၌ စည်းစနစ်ကျသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏ တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အချက်အလက်များ မှန်ကန်မှု ရှိမှသာလျှင် နောင်တွင်ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့်ဆုံးဖြတ်ချက်များ ကို ချမှတ်နိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင် ရည်မှန်းချက် ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများကို မှန်မှန် ကန်ကန် ဖြည့်သွင်းပေးနိုင်ရန် လိုအပ်မည်ဖြစ်ပြီး စိုက်နည်း စနစ်များလည်း မှန်ကန်မှု ရှိရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် မွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်း များကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် Agro-Base Industry ကို သွားနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဝါကို အခြေခံသည့် စက်မှု လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှ ချည်ထည် ၎င်းမှ ပိတ်စအထည်အလိပ် လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ ရကြောင်း အလားတူ ဝါးကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ ရနိုင်ကြောင်း လမ်းညွှန်ထားပါကြောင်း၊

ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေး နှင့်ပတ်သက်သည့် အဖွဲ့ချုပ်များ၊ လုပ်ငန်းရှင်များ အနေဖြင့် လမ်းညွှန် မှာကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်ပြီး လိုအပ်ချက်ကို ဆွေးနွေးပေးနိုင်ပါရန်နှင့် ကော်မရှင် အနေဖြင့် မိမိတို့နိုင်ငံနှင့် သင့်တော်သော နည်းလမ်းနှင့်စနစ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးဦးတည်ပြီး ညှိနှိုင်း ပေါင်းစပ်ဆုံးဖြတ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် အစည်းအဝေး လမ်းညွှန်ချက်များနှင့် ဆုံးဖြတ်ချက်များကို ကော်မရှင်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**MOALI**



# ဧပြီလတွင် ပြည်ပဈေးကွက်များသို့ ဆန်တန်ချိန် ၁၄၀,၀၀၀ ကျော် တင်ပို့ခဲ့

**မြန်**မာနိုင်ငံသည် ဧပြီလတွင် ဆန်တန်ချိန် ၆၉,၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၇၃,၀၀၀ ပါဝင်သော ဆန်တန်ချိန် ၁၄၀,၀၀၀ ကျော်ကို နိုင်ငံတကာဈေးကွက်သို့ ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ၏ အဆိုအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် (၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်နေ့အထိ) ဆန်နှင့် ဆန်ကွဲတင်ပို့မှု တန်ချိန် ၂ ဒသမ ၄၈ သန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံကျော် ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ် (MRF) ထံမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာ နိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံရေထွက်ကုန်လုပ်ငန်းရှင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့နှင့် လစဉ်တွေ့ဆုံ ကြပြီး ရည်ရွယ်ထားသည့် တင်ပို့မှုလျာထားချက်ပြည့်မီရန်နှင့် တင်ပို့မှုကို မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.gnlm.com.mm/myanmar-ships-over-140000-tonnes-of-rice-to-external-markets-in-apr/

AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်

ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ

ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

# ၂၀၂၅ ခုနှစ် ဇွန် လပတ် မိုးလေဝသခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ် ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင်အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ရက်မှ၂၇ ရက်ခန့်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၁ ရက်ခန့်၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယား ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် ၁၀ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့ နှင့် ဇလွန်မြို့တို့တွင် ၁၁ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင်၁၀ ပေမှ ၁၅ ပေခန့် လက်ရှိရေမှတ်များ ထက်မြင့်တက် လာနိုင်သည်။

မြစ်သာမြစ်ရေသည်ကလေးမြို့တွင်၇ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင်၅ ပေမှ ၇ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည်ရွှေကျင်မြို့တွင် ၄ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၅ ပေမှ ၈ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်၇ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၇ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် ၄ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင်၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၅ ပေခန့်လက်ရှိရေမှတ်များ ထက်မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# ၂၀၂၅ ခုနှစ် ပထမငါးလတွင် မြေဩဇာဈေးနှုန်း တည်ငြိမ်နေ

**မြန်**မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း (MFSPEA) မှ ဓာတ်မြေဩဇာ ရည်ညွှန်းဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် ပထမငါးလ (ဇန်နဝါရီမှ မေလ) အတွင်း တည်ငြိမ်နေကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၂၅ ခုနှစ်၊ မေ အတွက် ရည်ညွှန်းဈေးနှုန်းများသည် ဇန်နဝါရီနှင့် ဧပြီတွင် သတ်မှတ်ထားသောနှုန်းထားများအတိုင်း ဆက်လက်တည်ရှိနေပါသည်။

ယူရီးယားဓာတ်မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၉၅၀၀၀ ကျပ်၊ ဖော့စဖိတ် ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၂၄၀၀၀ ကျပ်နှင့် ဒိုင်အမိုနီယမ်ဖော့စဖိတ် ၅၀ ကီလိုဂရမ်တစ်အိတ်လျှင် ၁၃၅၀၀၀ ကျပ် သတ်မှတ်ထားသည်။

အထက်ဖော်ပြပါဈေးနှုန်းများမှာ ရန်ကုန်တိုင်းဒေသကြီးအတွက် သတ်မှတ်ထားသည့် ဈေးနှုန်းများဖြစ်သောကြောင့် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သယ်ယူ ပို့ဆောင်ခပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ် ကွာခြားနိုင်သည်ဟု MFSPEA မှ ဖော်ပြထားပါသည်။

ထို့အပြင် ရည်ညွှန်းဈေးနှုန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထပ်မံကြေငြာပေးမည် ဖြစ်ပါသည်။

သတ်မှတ်နှုန်းထားထက်ပိုမိုပါက ကော်မတီထံသို့ ၀၆၇-၄၁၀၀၃၂ နှင့် ၀၉၉၈၈၅၃၉၃၆၀ ဖုန်းမှ တစ်ဆင့် ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

MFSPEA သည် အသင်းဝင်ကုမ္ပဏီများအား ရည်ညွှန်းဈေးနှုန်းများကို လိုက်နာရန် တောင်းဆိုထားပြီး ဖြစ်ပါသည်။

လက်ရှိတွင် မြေဩဇာကော်မတီသည် စိုက်ပျိုးသူများ အရည်အသွေးမီ မြေဩဇာ ပြတ်လပ်မှု မရှိစေရေးအတွက် သုံးလတစ်ကြိမ် အစည်းအဝေး ကျင်းပလျက်ရှိပါသည်။

မြေဩဇာနည်းပညာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြေဩဇာမှတ်ပုံတင်ခြင်း ၁၂၉၇ ခုကို မြေဩဇာကော်မတီ၏ (၄၃)ကြိမ်မြောက် အစည်းအဝေးအပြီးတွင် ခွင့်ပြုပေးခဲ့သည်။

ခွင့်ပြုသက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်ထားမှု ၂၈၆၇ ခုကို ရုတ်သိမ်းခဲ့ပြီး၊ မှတ်ပုံတင်ထားသည့် ၇၃၄၂ ကို ဆက်လက်ဆောင်ရွက်ဆဲဖြစ်ကြောင်းသိရှိရသည်။

လင်းလဲ့ရည်အောင်

https://www.gnlm.com.mm/fertilizer-prices-hold-steady-in-first-five-months/



Agribiz News www.agribiznews.com.mm သတင်း

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဖုံထွေး
(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်

ဖုန်း ၀၆၇ ၃၄၁၀၁၄၂

# ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ၄၅ ကြိမ်မြောက် အစည်းအဝေးကျင်းပ ပိုးသတ်ဆေးအမျိုးပေါင်း ၁၈၅ မျိုးအတည်ပြုပေးနိုင်ရေးဆွေးနွေး

နေပြည်တော်၊ မေ ၂၉

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ ၄၅ ကြိမ်မြောက် အစည်းအဝေးကို မေ ၂၉ ရက်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အမှာစကားပြောကြားရာ၌ တိုင်းပြည်၏အဓိကစားသုံးသီးနှံများနှင့် ပြည်ပပို့ကုန်သီးနှံများအား အထွက်နှုန်း တိုးတက်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် အထွက်နှုန်းတိုးတက်စေရန် အထောက်အကူပြုသော သွင်းအားစုတစ်ခုဖြစ်သည့် ပိုးသတ်ဆေးသုံးစွဲရာ၌ အရည်အသွေးပြည့်မီပြီး အန္တရာယ်ကင်းသော ပိုးသတ်ဆေးများအား ထိရောက်စွာအသုံးပြုနိုင်ရန် ပိုးသတ်ဆေးမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း လုပ်ငန်းစဉ်များ ပိုမိုစနစ်ကျန ကောင်းမွန်စေရန် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ပိုးသတ်ဆေး ဓါတ်ကြွင်းများ စစ်ဆေးတွေ့ရှိမှုပြဿနာဖြစ်ပွားမှုများပြားလာခြင်းကြောင့် မိမိတို့နိုင်ငံ၏ ကုန်သွယ်မှု အခွင့်အလမ်းများ လျော့ကျလာနိုင်သဖြင့် ပိုးသတ်ဆေးအမျိုးအစား တစ်မျိုးချင်းစီအပေါ်၌ ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ဓာတ်ကြွင်းများကြောင့် ထိခိုက်မှုမရှိစေရေးနှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းစင်ရေးအတွက် မှတ်ပုံတင်အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ပိုးသတ်ဆေးဖြန်း၍ ပိုးနှိမ်နင်း ခြင်းသည် အဖြေအပြတ်မဟုတ်ပဲ ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိသည့် သီးနှံမျိုးကို မျိုးစပ်ရွေးချယ်ခြင်း၊ စိုက်ပျိုးခြင်းအပြင် ပိုးမွှားရောဂါကျရောက်မှုကို တောင်သူလယ်သမားများကိုယ်တိုင်ပါဝင်သော ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုကို လိုင်းအသွင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး က ၄၅ ကြိမ်မြောက် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးရမည့် ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်တင်ပြစာများအား တင်ပြရာ အစည်းအဝေးက လုပ်ငန်းစာတွဲတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေးခဲ့ကြသည်။

ပိုးသတ်ဆေး မှတ်ပုံတင် အဖွဲ့သည် မှတ်ပုံတင်လျှောက်ထားတင်ပြလာခြင်းများကို မှတ်ပုံတင်ခွင့်ပြုပေးနိုင်ရန် ဆုံးဖြတ်အတည်ပြုပေးခြင်း၊ အဆိပ်ရှိပစ္စည်းနှင့် စပ်လျဉ်း၍ တင်ပြရန် လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ် မြင့်မားစေသော ပိုးသတ်ဆေးများကို သုံးစွဲရန် ပိတ်ပင် တားဆီးခြင်း၊ ပိုးသတ်ဆေးများကို စနစ်တကျ ကိုင်တွယ် သုံးစွဲ စွန့်ပစ် ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ကို အန္တရာယ် မရှိစေရန် လိုအပ်သည့် အမိန့်၊ သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များကို အခါအား လျော်စွာ ထုတ်ပြန်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်လိုအပ်သည့် သတင်းအချက်အလက်များကိုပြုစုတင်ပြခြင်း၊ စိစစ်သုံး သပ်အကြံပြုချက်ခြင်းများကို နည်းပညာကော်မတီအဖွဲ့ဝင် ပညာရှင်ဝန်ထမ်းများက စိစစ် ဆောင်ရွက်လျက်ရှိပြီး ပိုးသတ်ဆေး မှတ်ပုံတင်ခြင်းလုပ်ငန်းများ လျှင်မြန်ချောမွေ့စွာ ဆောင်ရွက် နိုင်ရေးအတွက် Manual မှ Online (Myanmar Agricultural Import Registration System (MAIRS)) Online System စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ ကျင်းပပြုလုပ်ခဲ့ရာ ၄၄ ကြိမ်မြောက် အစည်းအဝေးပြီးဆုံးသည့်ကာလအထိ ပိုးသတ်ဆေးစုစုပေါင်း ၄၃၉၃ မျိုး ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ယနေ့ကျင်းပသည့် ၄၅ ကြိမ်မြောက် အစည်းအဝေးတွင် ပိုးသတ်ဆေး အမျိုးပေါင်း ၁၈၅ မျိုး အား အတည်ပြုပေးနိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

MOALI



e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

စာ-၁၃ မှ

မကွေး၊ ပခုက္ကူသို့ တင်ပို့မှုရှိသည်။

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ငါန်ဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင်ဂျုံ ဖိဝပိဿာ အရည်အသွေး ပေါ်မူတည်၍ ၂၀၀၀၀၀မှ ၂၁၀၀၀၀ ကျပ်ဖြင့် အဝင်ပုံမှန် ဂျုံစက်များဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် ဈေးတည်ငြိမ်နေသည်။ ကလေးဂျုံမှာ အဝင်နည်းသဖြင့် ၃တင်းတစ်အိတ် ၁၆၀၀၀၀ ကျပ်မှ ၁၆၂၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။ ရှမ်းဂျုံမှာလည်း အထွက်နည်းခြင်း အဝင်နည်းခြင်းကြောင့် ၁၇၅၀၀၀ ကျပ်မှ ၁၈၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ဩစတေးလျဂျုံမှုန့်မှာ တစ်ပိဿာ ၃၇၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ အစေ့ထုတ်ပြောင်းမှာ ထွက်ရှိရာဒေသမှ တိုက်ရိုက်ဆင်းဝယ်ယူမှုများရှိခြင်း၊ ဈေးကွက်အတွင်း အဝင်နည်းသော်လည်း အစာစပ်သမားဝယ်ယူမှုသာရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၈၅၀၀၀ ကျပ်ဖြင့် တည်ငြိမ်နေသည်။

ခင်မေကြည်



# အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ၏ ဖြစ်ထွန်းမှုအား နေပြည်တော် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများမှ တောင်သူများ ကွင်းဆင်းလေ့လာ

နေပြည်တော် မေ၂၇

နေပြည်တော်၊ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးများမှ ပဲတီစိမ်းစိုက် တောင်သူများ ၊ ပဲပြောင်း၊နှမ်း လုပ်ငန်းရှင်များ သည် မေ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ ဘဲကုန်းကျေးရွာ၌ စမ်းသပ် စိုက်ပျိုးထားသည့် အဝါရောင်မိုစိတ် ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ နှင့် နှမ်းမျိုးများ အထွက်ယှဉ်ပြိုင် စိုက်ပျိုးထားရှိမှုတို့ကို ကွင်းဆင်းလေ့လာကြရာ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးနည်းပညာရပ်ဆိုင်ရာများ ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းစိုက် တောင်သူများ ၊ ပဲပြောင်း၊နှမ်းလုပ်ငန်းရှင်များ နှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိမှသာ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများအတွက် ထိုက်သင့်သော ဝင်ငွေ အကျိုးစီးပွားဖြစ်ထွန်းနိုင်မည်ဖြစ်၍ ရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းမွန်၍ ဈေးကွက်အကြိုက် သီးနှံမျိုးများ ရွေးချယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အလားတူ အရည်အသွေးကောင်းသီးနှံများ အထွက်နှုန်းတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုအပ်သည့် စိုက်ပျိုးမြေပြုပြင်ခြင်း၊ သွင်းအားစု ထည့်သွင်းသည့် အချိုးနှင့် အချိန်မှန်ကန်ရေး ၊ စိုက်ပျိုးရေပေးသွင်းမှု မှန်ကန်ရေး အပါအဝင် နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးခြင်းကို မိမိတို့ဝန်ကြီးဌာန ပညာရှင်များက အလေးထား ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊

၎င်းအပြင် ပေါင်ကြီးတင်(ဘောင်ကြီးတင်) စိုက်ပျိုးနည်းစနစ် အပါအဝင် ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးဒဏ်ကြောင့် သီးနှံများ ထိခိုက်မှုမဖြစ်ပေါ်စေရေး၊ တစ်ဧက ဝင်ဆံ့ရမည့် အပင်ဦးရေ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး နှင့် သီးနှံများပန်းတိုင် အထွက်နှုန်း ရရှိရေးဆိုင်ရာ မျိုး၊ မြေ၊ ရေ၊ နည်း အချက်(၄)ချက်ပြည့်စုံစွာ လိုက်နာ ဆောင်ရွက်ရန် လမ်းညွှန်ချက်ပေးခြင်း၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက် ရှိသော်လည်း အချို့တောင်သူများအနေဖြင့် စနစ်တကျလိုက်နာ ဆောင်ရွက်မှုမရှိကြခြင်းကြောင့် သီးနှံများအထွက်ကျဆင်း ခြင်း၊ တောင်သူ့ ဝင်ငွေအကျိုး မဖြစ်ထွန်းခြင်းများကို တွေ့ရှိရသဖြင့် တောင်သူများအားလုံး စနစ်တကျလိုက်ပါ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊

စပါးအခြေခံသီးနှံပုံစံတွင် သီးထပ်သီးနှံအနေဖြင့် ပြည်ပဈေးကွက်ရှိပြီး တောင်သူ အကျိုးရှိစေမည့် မိုးကြိုသီးနှံ ပဲတီစိမ်း စိုက်ပျိုးနိုင်ရေး အတွက် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သုတေသီပညာရှင်များက မျိုးစပ်မွေးမြူထုတ်လုပ်လျက် ယခုစိုက်ကွင်းတွင် စပ်းသပ်စိုက်ပျိုးထားသော အဝါရောင်မိုစိတ် ရောဂါဒဏ်ခံနိုင်ပြီး အလားအလာကောင်း သော ပဲတီစိမ်း မျိုးလိုင်းများ ကို တောင်သူများ ကိုယ်တိုင် အကဲဖြတ် ၍ မျိုးရွေးချယ်ပေးသွားကြရန် နှင့် စိတ်ကြိုက်ရွေးချယ်ထားသော ပဲတီစိမ်းမျိုးများအား မိမိတို့ဝန်ကြီးဌာန မှ မျိုးထုတ်လုပ်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဆက်လက်မျိုးပွားထုတ်လုပ်မှုကို တောင်သူများ ကိုယ်တိုင် ပါဝင်လုပ်ဆောင်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်သူများနှင့် လုပ်ငန်းရှင်များ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ တင်ပြချက်များ

စာ-၉ သို့

# အမေရိကန်၏ အခွန်နှုန်းသက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန်လျှော့ချရန် အင်ဒိုနီးရှားစားအုန်းဆီ ထုတ်လုပ်သူများအသင်းက အဆိုပြု

အင်ဒိုနီးရှားစားအုန်းဆီထုတ်လုပ်သူများအသင်းက အမေရိကန်သမ္မတ၏ အပြန်အလှန် ကုန်သွယ်ခွန်နှုန်းထားတိုးမြှင့်မှု၏ သက်ရောက်မှုကို လျှော့ချနိုင်မည့် နည်းလမ်းအနေဖြင့်လည်းကောင်း၊ အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှားဆီအုန်းထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက်လည်းကောင်း စားအုန်းဆီတင်ပို့မှုအပေါ် ကောက်ခံသည့် ပို့ကုန်အခွန်လျှော့ချရန်အတွက် အင်ဒိုနီးရှားအစိုးရသို့ တောင်းဆိုထားသည်ဟု သိရသည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က "မလေးရှားနိုင်ငံ၏ စားအုန်းဆီ တင်ပို့မှုအတွက် ပို့ကုန်အခွန်နှုန်းထားမှာ ၂၄ ရာခိုင်နှုန်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်အခွန်နှုန်းထားမှာ ၃၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ ပို့ကုန်အခွန်နှုန်းအသစ်ကြောင့် အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှားနိုင်ငံ၏ ဈေးကွက်ဝေစုလျော့နည်းလာသည့်အချိန်တွင် မလေးရှားနိုင်ငံသည် ၎င်း၏ ပို့ကုန်တင်ပို့မှုကို တိုးမြှင့်ရန် အလားအလာရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ ၏ စားအုန်းဆီတင်ပို့မှုမှာ ပြည်တွင်းဈေးကွက်သဘောတူညီမှု၊ ပို့ကုန်စည်းကြပ်ခြင်း၊ ပို့ကုန်အခွန် စသည့်အချက် ၃ ချက်ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း၊ အဆိုပါဝန်ထုပ်ဝန်ပိုးကြောင့် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၂၁ နီးပါးကျသင့်ပြီး မလေးရှားနိုင်ငံက ၎င်း၏ မူဝါဒအရ မက်ထရစ်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၄၀ သာကျသင့်ကြောင်း" ပြောကြားခဲ့ပါသည်။

"အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှား၏ ဈေးကွက်ဝေစုမှာ ၈၉ ရာခိုင်နှုန်းရှိကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်အတွင်း အမေရိကန်နိုင်ငံသို့ စားအုန်းဆီတင်ပို့မှုမှာ သိသိသာသာ တိုးတက်ခဲ့ ကြောင်း၊ ၂၀၂၀ ပြည့်နှစ်



တွင် တန်ချိန် ၁ ဒသမ ၅ သန်း၊ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၅ သန်းနှင့် ၂၀၂၄ ခုနှစ် တွင် တန်ချိန် ၂ ဒသမ ၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ အင်ဒိုနီးရှားစားအုန်းဆီအသင်း အနေဖြင့် အစိုးရထံသို့ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် စားအုန်းဆီအပေါ် ကောက်ခံသည့် ပို့ကုန်အခွန် လျှော့ချရန် အဆိုပြု ထားကြောင်း၊ အမေရိကန်ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေး အထူးကိစ္စရပ်ဖြစ်ကြောင်း" အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က ပြောကြားခဲ့ပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ စီးပွား ရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး Airlangga Hartarto က ဆောင်ရွက်ရန် ဖြစ်နိုင်ခြေရှိကြောင်း၊ ထည့်သွင်းစဉ်းစားသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစားအုန်းဆီအသင်း ဥက္ကဋ္ဌ Eddy Martono က "အပြန်အလှန်ကုန်သွယ်ခွန် နှုန်းထားမြှင့်မှုသည် အင်ဒိုနီးရှားစားအုန်းဆီတင်ပို့မှုအပေါ် ဆိုးကျိုးသက်ရောက်စေကြောင်း၊ အစိုးရ အနေဖြင့် စားအုန်းဆီအပေါ် ချမှတ်ထားသည့် ပို့ကုန်အခွန်ကို လျှော့ချပေးရန်နှင့် အမေရိကန် ဈေးကွက်တွင် အင်ဒိုနီးရှား၏ ဈေးကွက်ဝေစုဆက်လက်တည်မြဲနေရေး ဆောင်ရွက်ပေးမည်ဟု မျှော် လင့်ကြောင်း၊ ထို့သို့မဟုတ်ပါက မလေးရှားနိုင်ငံနှင့် လက်တင်အမေရိကဒေသမှ အခြားနိုင်ငံများက အင်ဒိုနီးရှားဈေးကွက်တွင် နေရာယူသွားမည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံသည် ကလေးအလုပ်သမားပြဿနာနှင့်ရင်ဆိုင်နေရသော် လည်း သွင်းကုန်အပေါ် အခွန်ကောက်ခံမှုမှာ ၂၄ ရာခိုင်နှုန်း ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံထက်နည်းကြောင်း၊ အစိုးရအနေဖြင့် ကုန်သွယ်ခွန်နှုန်းထားမြင့်တက်မှုကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး အမေရိကန်ဈေးကွက်တွင် အင်ဒိုနီးရှားကုန်စည်များ၏ ယှဉ်ပြိုင်နိုင်စွမ်းရှိစေ ရေးကို ဆောင်ရွက်ပေးနိုင်မည်ဟု ယူဆကြောင်း" ပြောကြားသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီး Airlangga Hartarto က သမ္မတ Prabowo Subianto က လုပ်ထုံးလုပ်နည်းပိုင်းလျှော့ချရေး အထူးသဖြင့် အကောက်ခွန်မဟုတ်သည့် လုပ်ထုံး လုပ်နည်းများလျှော့ချရေး လမ်းညွှန်ထားကြောင်း၊ အစိုးရအနေဖြင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး (United States Trade Representative – USTR)၊ အမေရိကန်ကုန်သွယ်ရေးအဖွဲ့ (USA Chamber of Commerce) တို့နှင့် အစည်းအဝေးများ ပြုလုပ်၍ အမေရိကန်နိုင်ငံနှင့် ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်နည်းလမ်းနှင့် စေ့စပ်ညှိနှိုင်းရေးနည်းလမ်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် (Trade and Investment Framework Agreement - TIFA) တွင် ဘဏ္ဍာရေးကဏ္ဍ ကိစ္စရပ်ကို ထည့်သွင်း၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် စဉ်းစားလျက်ရှိကြောင်း သုံးသပ်ရပါသည်။

**သွယ်သွယ်ဆုတင်**

Indonesian Palm Oil

# အကောက်ခွန်စစ်ပွဲမတိုင်မီကပင် တရုတ်နိုင်ငံသည် အမေရိကန်မှပဲပုပ်နှင့် ပြောင်းတင်သွင်းမှုကို ရပ်နားထားခဲ့

တရုတ်နိုင်ငံသည် ဇန်နဝါရီလ လယ်ကတည်းက အမေရိကန်ထံမှ ပဲပုပ်နှင့် ပြောင်းဝယ်ယူမှု ကို ရပ်နားထားခဲ့ကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (USDA) ၏ အချက်အလက်ကို ကိုးကား၍ Nikkei Asia မှ အစီရင်ခံဖော်ပြခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် အမေရိကန်မှ ပဲပုပ်ကို ဆက်လက်တင်သွင်းမှုမရှိတော့သော် လည်း ယခင်နှစ်က အမေရိကန်မှ ပဲပုပ်တင်ပို့မှု၏ ထက်ဝက်ခန့်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်မှ ပဲပုပ်တန်ချိန် ၂၇ သန်းကျော် တင်သွင်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံဖိုး ရှိကြောင်း USDA ၏ အချက်အလက်များအရ သိရှိရသည်။

တရုတ်နိုင်ငံသည် ယခုလအစောပိုင်းတွင် ဘရာဇီးလ်နိုင်ငံမှ ပဲပုပ်တန်ချိန် ၂ ဒသမ ၄ သန်း ဝယ်ယူရန်အတွက် စာချုပ်များချုပ်ဆိုခဲ့ကြောင်း ဘရာဇီးလ်ပဲပုပ်ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများ ၏ပြောကြားချက်ကို Nikkei က ကိုးကားဖော်ပြထားပြီး ယခုဝယ်ယူမှုသည် ပုံမှန်မဟုတ်သည့် ကြီးမားသော စာချုပ်တစ်ခုဖြစ်ပြီး တရုတ်နိုင်ငံ၏ တစ်လအတွင်း ပုံမှန်စားသုံးမှု၏ သုံးပုံတစ်ပုံနှင့် ညီမျှကြောင်း သိရှိရပါသည်။

မကြာသေးမီက CGTN နှင့် အင်တာဗျူးတစ်ခုတွင် US Soybean Export Council အမှုဆောင်အရာရှိချုပ် Jim Sutter က တရုတ်နိုင်ငံသည် ၎င်းတို့မဆုံးရှုံးချင်သော ဈေးကွက်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နှင့် အမေရိကန်တို့အကြား ဖြစ်ပေါ်လျက်ရှိသော ကုန်သွယ်ရေးစစ်ပွဲကြောင့် တရုတ်နိုင်ငံသည် ပဲပုပ်နှင့် ပြောင်းကို အခြားနိုင်ငံနိုင်ငံများမှ ပိုမိုဝယ်ယူလျက်ရှိရာ မြန်မာနိုင်ငံမှ ပြောင်းနှင့် ပဲပုပ်တို့ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်မည့်အခွင့်အလမ်းတစ်ခုဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**ကေခိုင်ကျော်**

https://news.cgtn.com/news/2025-04-22/China-halted-U-S-soybean-corn-imports-before-tariff-war-report-1CLVjIZjBrG/p.html#:~:text=China%20has%20stopped%20purchasing%20soybean%20and%20corn%20from,data%20from%20the%20U.S.%20Department%20of%20Agriculture%20%28USDA%29

# ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် ဗီဇပြင်ဆင်ထားသော ဆန်မျိုးစိတ်အသစ်နှစ်မျိုး အိန္ဒိယထုတ်ပြန်

**အိ**န္ဒိယနိုင်ငံသည် အရေးပါသော ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်အဖြစ် မေ ၄ ရက်တွင် ကမ္ဘာ့ပထမဆုံးအကြိမ်အဖြစ် ဗီဇပြင်ဆင်ထားသော (genome editing) ဆန်မျိုးစိတ် အသစ် နှစ်မျိုးကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါ မျိုးစိတ်များသည် တစ်ဟက်တာလျှင် ထွက်နှုန်းကို ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးနိုင်မည်ဖြစ်ပြီး၊ လက်ရှိမျိုးစိတ်များနှင့် နှိုင်းယှဉ်ပါက ရင့်မှည့်ရန် ၁၅ မှ ၂၀ ရက်ခန့် လျော့နည်းနိုင်ကြောင်း မျှော်မှန်းထားသည်။

'Kamala-DRR Dhan-100' နှင့် 'Pusa DST Rice 1' ဟု အမည်ပေးထားသည့် အဆိုပါ ဆန်မျိုးစိတ်များသည် ရေကို ပိုမိုသက်သာစွာ အသုံးပြုနိုင်မည်ဖြစ်ပြီး၊ ပတ်ဝန်းကျင်သို့ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရာတွင်လည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်" ဟု ဗဟိုစိုက်ပျိုးရေးဝန်ကြီး Shivraj Singh Chouhan က ပြောကြားခဲ့သည်။

လယ်သမားများထံသို့ အဆိုပါ မျိုးစိတ်များ ရောက်ရှိရန် မျိုးစေ့ထုတ်လုပ်မှု၏ ပုံမှန်လုပ်ငန်း စဉ်များ (ဥပမာ- မျိုးစေ့ထုတ်လုပ်ခြင်း၊ အခြေခံမျိုးစေ့နှင့် အသိအမှတ်ပြုမျိုး စေ့ ) ပြီး မြောက် ပြီး နောက် အနည်းဆုံး ၄ နှစ်မှ ၅ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့အနေဖြင့်ဤလုပ်ငန်းစဉ်ကို မြန်ဆန်စေရန်လည်း ကြိုးစားနေပါသည်၊ သို့မှ သာ လယ်သမားများသည် အထွက်နှုန်းမြင့်မားသော မျိုးစိတ်များ၏ အကျိုးကျေးဇူးကို မြန်မြန် ဆန်ဆန် ရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု Chouhan က ပြောကြားခဲ့သည်။ ဗီဇပြုပြင်ထားသော (genetically-modified) သီးနှံများနှင့် ဗီဇပြင်ဆင်ထားသော (gene-edited) သီးနှံများကြား အခြေခံကျသော ကွာခြားချက်မှာ ဗီဇပြုပြင်ထားသော သီးနှံများတွင် နောက်ဆုံးထွက်ကုန် (ဥပမာ - BT ဝါဂွမ်း) တွင် နိုင်ငံခြားဗီဇများ ပါဝင်သော်လည်း၊ ဗီဇပြင်ဆင်ထားသော အပင်များတွင် နိုင်ငံခြား ဗီဇများ မပါဝင်ခြင်းဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က အိန္ဒိယနိုင်ငံသည် SDN1 နှင့် SDN2 ဗီဇပြင်ဆင်ထားသော အပင်များကို ပ တ် ဝ န်း ကျ င် ကာ ကွ ယ် ရေး အက်ဥပဒေ (EPA) ၏ စည်းမျဉ်း ၇ မှ ၁၁ အထိမှ ကင်း လွတ်ခွင့်ပေးခဲ့ပြီး၊ ၁၉၈၉ ခုနှစ်-အန္တရာယ်ရှိသော မိုက်ခရိုအော်ဂဲနစ်ဇင်များ သို့မဟုတ် ဗီဇပြုပြင် ထားသော အော်ဂဲနစ်ဇင်များ သို့မဟုတ် ဆဲလ်များ၏ ထုတ်လုပ်မှု၊ အသုံးပြုမှု၊ တင်သွင်းမှု၊ တင်ပို့မှုနှင့် သိုလှောင်မှုဆိုင်ရာ စည်းမျဉ်းများမှ ကင်းလွတ်ခွင့်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းတို့သည် ဗီဇအင်ဂျင်နီယာဆိုင်ရာ အကဲဖြတ်ရေးကော်မတီ (GEAC) ၏ စည်းမျဉ်းများ၏ လွှမ်းမိုးမှုမှ ကင်း လွတ်သွားခဲ့ကြောင်း သိရသည်။



SDN 1၊ SDN 2 နှင့် SDN 3 တို့သည် သီးနှံများတွင် ဗီဇပြင်ဆင်ခြင်း၏ နည်းလမ်းသုံးမျိုး ဖြစ်ကြောင်းနှင့် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ထုတ်ပြန်ခဲ့သော ဆန်မျိုးစိတ်အသစ်များသည်လည်း အဆိုပါ ဗီဇပြင်ဆင်ခြင်း နည်းလမ်းများကို အသုံးပြုထားကြောင်း သိရသည်။

၂၀၂၃-၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဗဟိုအစိုးရသည် စိုက်ပျိုးရေးသီးနှံများတွင် ဗီဇပြင်ဆင်ခြင်း အတွက် ရူပီး ၅၀၀ ကုဋေခန့် ရန်ပုံငွေသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ ဗီဇပြင်ဆင်ခြင်းသည် ဗီဇပြောင်းလဲခြင်းနှင့် နှိုင်းယှဉ်ပါက နယ်ပယ်သစ်တစ်ခု ဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါ ဗီဇပြင်ဆင်ခြင်းနည်းပညာကို လေ့လာအသုံးချခြင်းဖြင့် မြန်မာ နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ရန်နှင့်နိုင်ငံတကာဈေး ကွက်သို့ ပိုမိုဝင်ရောက်နိုင်မည့် ဗျူဟာများ ချမှတ်နိုင်မည်ဖြစ်ကာ ကျေးလက် ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဖြစ်ကြောင်းသုံးသပ်တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Business Standard, India releases genome-edited rice varieties to boost yields by up to 30%, May 4, 2025.

# ရောင်းလိုအား ပြတ်တောက်မှုကြောင့် ကမ္ဘာ့အုန်းသီးဈေးနှုန်း မြင့်တက်

**အုန်း** သီး အ မိ က ထွ က် ရှိ သ ည့် နိုင်ငံများ၌ ရာသီဥတုဖောက်ပြန်မှုနှင့် ပိုးမွှားကျရောက်မှုများကြောင့် ရောင်းလိုအား ကန့်သတ်ချက်များ ဖြစ်လာသဖြင့် ကမ္ဘာ့အုန်းသီးဈေးကွက်သည် ဈေးနှုန်း မြင့်တက်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံသည် နှစ်စဉ် အုန်းသီးတန်ချိန် ၂ သန်းခန့် ထုတ်လုပ်လျက်ရှိပြီး အမေရိကန်နှင့် တရုတ်ကဲ့သို့သော အဓိကစားသုံးသူအများအပြားရှိသည့် ကမ္ဘာ့ပဉ္စမမြောက် အုန်းသီး အများဆုံး တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အမေရိကန်နိုင်ငံတွင် ဧပြီလ၌ အုန်းဆီဈေးနှုန်းသည် ၅ နှစ်ပျမ်းမျှနှုန်းထက် ၁၂၇ ရာခိုင်နှုန်း အထက် မြင့်တက်လာခဲ့ပါသည်။ အုန်းသီးထိပ်တန်းတင်ပို့သည့် နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂,၆၅၈ ဒေါ်လာအထိ ပေါက်ဈေးရှိခဲ့ပြီး ၎င်းဈေးနှုန်းသည် ၃ နှစ်အတွင်း အမြင့်ဆုံး ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပိုးမွှားရောဂါကျရောက် ဖျက်ဆီးမှုတို့ကြောင့် သီရိလင်္ကာနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ အထွက်နှုန်း ထိခိုက်ခဲ့ပြီး အုန်းဆီထုတ်လုပ်ရန် ကုန်ကြမ်း ပြတ်လပ်သည်အထိ ဖြစ်ခဲ့ပါသည်။



အမေရိကန်၊ တရုတ်နှင့် ဥရောပတို့၌ ဝယ်လိုအား မြင့်တက်လျက်ရှိပါသည်။ USDA ၏ သတင်းအချက်အလက်များအရ အမေရိကန်၏ ၂၀၂၅ ခုနှစ် အစောပိုင်း အုန်းဆီတင်သွင်းမှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၀ ရာခိုင်နှုန်းနီးပါးမြင့်တက်လာကြောင်း သိရှိရသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် စုစည်းလျက်ရှိသော ဗီယက်နမ်နိုင်ငံ၏ အုန်းသီးထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်သည် ဟက်တာ ၂၀၀,၀၀၀ ကျယ်ဝန်းပြီး အမေရိကန်နှင့် ဥရောပဈေးကွက်များအတွက် အော်ဂဲနစ်စံချိန်စံညွှန်း ကိုက်ညီမှု သုံးပုံတစ်ပုံခန့် ရှိပါသည်။

၂၀၂၄ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ အုန်းသီးနှင့် အုန်းသီးထွက်ကုန်တင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံနီးပါး ဝင်ငွေရရှိခဲ့ပြီး အုန်းသီးစိမ်းရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃၉၀ သန်း ရရှိခဲ့ပါသည်။ ကမ္ဘာလုံးဆိုင်ရာ အုန်းသီးပြတ်လပ်မှုကြောင့် ပြည်တွင်းဈေးနှုန်းများ မြင့်တက်လာပြီး Tra Vinh အုန်းသီးဈေးနှုန်းမှာ တစ်ဒါဇင်လျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၀-၈ ဒသမ ၈၂ ရှိပါသည်။ ပြည်ပ ပို့ကုန်လုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီများ၏ သတင်းပေးပို့ချက်အရ ဝယ်လိုအား အခိုင်အမာ ရှိသော်လည်း ရောင်းလိုအားမှာ အကန့်အသတ်ရှိကြောင်း သိရှိရသည်။

ဧပြီလနှောင်းပိုင်းအထိ တောင်သူများထံမှ အုန်းသီး ၁၀ လုံးလျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၀-၈ ဒသမ ၈၂ ဖြင့် ဝယ်ယူခဲ့ပြီး သယ်ယူမှု ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သုညဒသမ ၆၃- သုညဒသမ ၈၄ ထပ်မံကုန်ကျခဲ့ပါသည်။ ယခင်က Ben Tre's အုန်းသီးအခြောက်ဈေးနှုန်းမှာ ၁၀ လုံးလျှင်

စာ-၁၁ သို့

ပင်လယ်ပြာ(ငါးဦးစီး)

# ရေပေါ်ရေလွှာနေ ငါးကွန်းရှပ်၏ သဘာဝနှင့်အသုံးဝင်ပုံ



ငါးကွန်းရှပ်ငါးမျိုးများကို အပူပိုင်းနှင့် သမပိုင်းဒေသများဖြစ်သော အင်ဒိုပစိဖိတ်ပင်လယ်ပြင်တွင် အများဆုံးတွေ့ရှိရပြီး တူနာ၊ ဘိုနီတို ငါးမျိုးများထက် အရွယ်သေးငယ်၍ သွယ်လျသောခန္ဓာကိုယ်ရှိသည်။ ငါးကွန်းရှပ်အုပ်စုငါးမျိုးများမှာ မျိုးရင်း-Scombridae အုပ်စုတွင်ပါဝင်ပြီး မျိုးစိတ် ၅၀ ခန့်အထိ ရှိသည်။

ငါးကွန်းရှပ်ငါးကို အင်္ဂလိပ်လို Spanish Mackerel ဟုသိရသည်။ မြန်မာလို ငါးကွန်းရှပ် ( ခေါ် ) ငါးညို့ ဟုလည်း လူသိများကြပါသည်။ ငါးကွန်းရှပ်ငါးများမှာ ရေပေါ်ရေလွှာနေငါးများဖြစ်ကြပြီး ရေငန်ဒေသ၊ ရေချိုရေငန်စပ်ဒေသများတွင် တွေ့ရများသည်။ရေပေါ်ငါးဖြစ်သော ငါးကွန်းရှပ်ငါးကို ကမ်းဦးရေတိမ်ပိုင်းရှိ ရေလယ်ပိုင်းတွင်အများဆုံးတွေ့ရှိရသဖြင့် ဖမ်းဆီးရ လွယ်ကူပြီး ဒရွတ်ဆွဲပိုက်ဖြင့်ဖမ်းဆီးရန်မလိုအပ်သောကြောင့် ပင်လယ်ကြမ်းပြင်အောက်ခြေကို ထိခိုက်မှုမရှိသဖြင့် ရေလုပ်သားများနှင့် ပင်လယ်ဂေဟစနစ်အတွက် အထူးကောင်းမွန်သည်။

ငါးကွန်းရှပ်ငါးမှာ အကြေးခွံမပါသော အကြေးခွံမဲ့ ငါးတစ်မျိုးဖြစ်သည်။ အရိုးနည်းပြီး အသားများကာ အရသာ ထူးခြားကောင်းမွန်လှပါသည်။

## တွေ့ရှိရသည့် ဒေသ

မြန်မာနိုင်ငံ၊အိန္ဒိယ၊သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့တွင် Spanish mackerel,Indian mackerel, Short mackerel မျိုးစိတ်များကို အများဆုံး တွေ့ရသည်။



## အစာစားသည့်အလေ့အထ

ငါးကွန်းရှပ်ငါးများမှာ အသားစားငါးများဖြစ်ကြပြီး ငါးငယ်များ၊ ပုစွန်၊ ကင်းမွန် စသည့် အခွံမာရေသတ္တဝါများကို ၎င်းတို့၏အစာအဖြစ် စားသုံးကြပါသည်။

## အရွယ်ရောက်ခြင်းနှင့် မျိုးပွားခြင်း

မိတ်လိုက်ရာသီတွင် အပူပိုင်းမှ သမပိုင်းသို့ အုပ်စုလိုက်ရွှေ့ပြောင်းသွားလာကြ၍ မိတ်လိုက်ဥချကြသည်။ငါးကွန်းရှပ်ငါးမျိုးများသည် အသက်အားဖြင့် လပေါင်း(၂၀)လခန့်၊ အရွယ်အားဖြင့် ခန္ဓာကိုယ်အလျား ၃၇ မှ ၄၀ စင်တီမီတာခန့်တွင် အရွယ်ရောက်ရှိကြပြီး ငါးအမတစ်ကောင်သည် ဥပေါင်း ၃သိန်းမှ ၁ ၅ သိန်းခန့်ထိ ဥချနိုင်သည်။

ငါးကွန်းရှပ်ဥများသည် ရေပေါ်တွင်ပေါလောမျော၍နေပြီး သားလောင်းလေးများသည် သတ္တဝါမျောလေးများကို စားသုံးကြပြီး သက်ကြီးကောင်များမှာ ထက်မြက်သောသွား ပါရှိ၍ ငါး၊ပုစွန်၊ ကင်းမွန်လေးများကို စားသုံးကြသည်။ ငါးကွန်းရှပ်ငါးမျိုးများ၏ သက်တမ်းမှာ ၁၆ နှစ်ခန့် ရှိပါသည်။

ငါးကွန်းရှပ်ငါးမှာ လူသားတို့၏ ကျန်းမာရေးအတွက် အလွန်အကျိုးပြုသော ငါးတစ်မျိုးလည်းဖြစ်သည်။ ငါးကွန်းရှပ်ကို စားခြင်းအားဖြင့် လူတို့၏သွေးအတွင်းရှိ သကြားဓာတ်ကို လျော့ချပေး၏။ လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့် အိုမီဂါသရီးဖက်တီးအက်ဆစ်ကိုလည်း ရရှိစေပါသည်။

## ငါးကွန်းရှပ် စားဖွယ်စုံ

ငါးကွန်းရှပ်ငါးဟင်းလျာများမှာ ငါးကွန်းရှပ်ငါးကြော်နှပ်၊ ငါးကွန်းရှပ်ငါးဆုပ်လုံးဆီပြန်၊ငါးကွန်းရှပ်သောက်ဆမ်း/ မွှန်ဟင်း၊ ငါးကွန်းရှပ်ရေညှိလိပ်၊ ငါးကွန်းရှပ်ခြောက်ဆီပြန်ရေကျန်ဟင်း စသည်တို့အပြင် ငါးကွန်းရှပ်ကို ကြော်စားခြင်း၊ ကင်စားခြင်း၊ ငါးကျပ်တိုက်ပြုလုပ်စားခြင်းများလည်း ရှိသည်။ ထို့ပြင် ငါးကွန်းရှပ်ငါး ခြောက် ဆား ပေါ့ များ မှာ ဈေးကောင်းလှသလို ငါးကွန်းရှပ်ငါးဖြင့် ပြုလုပ်သော ငါးသေတ္တာ၊ ငါးမုန့်မှာလည်း အရသာကောင်းမွန်လှပေသည်။ ရွာခလေ့အလှူများတွင်လည်း ငါးခြောက်ထောင်းကြော်၊ ငါးခြောက်နှပ်ဟင်းလျာများအတွက် ငါးကွန်းရှပ်ငါးခြောက်ကို အများဆုံး အသုံးပြုကြပါသည်။

## ငါးကွန်းရှပ်တွင်ပါဝင်သော အာဟာရဓာတ်များ

မြန်မာအမည် ငါးကွန်းရှပ်၊ ရခိုင်ဒေသအခေါ် ငါးညို့သည် ကျန်းမာရေးအတွက် ကောင်းမွန်စေသော အဟာရဓာတ် များစွာပါဝင်သော ပင်လယ်ငါးမျိုးဖြစ်သည်။ ငါးကွန်းရှပ်တွင် ပရိုတင်း၊ဗီတာမင် ဘီတူး၊ ဘီ-၃၊ဘီ-၆၊ ဘီ-၁၂ နှင့် ဗီတာမင်- ဒီနှင့် သတ္တုဓာတ်များဖြစ်သည့် ကော့ပါး၊ ဆီလီနီယမ်၊ အိုင်အိုဒင်း၊ ဇင့်၊ ဖော့စ်ဖောရပ်၊ဖောလိတ် စသည့် သတ္တုဓာတ်များကြွယ်ဝစွာပါဝင်သည်။ ငါးကွန်းရှပ် ၁ ဂရမ် တွင် အိုမီဂါ -၃ ပါဝင်မှု ၂၆၇၀ မီလီဂရမ်/ဂရမ်၊ ဗီတာမင် ဘီ ၁၂ -၁၄၅ ရာခိုင်နှုန်းနှင့် ဗီတာမင် ဒီ ၉၀ ရာခိုင်နှုန်း အထိ ပါဝင်သည့်အတွက် ငါးကွန်းရှပ်အစိုကိုစားသုံးခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူပြုသည်။

ငါးကွန်းရှပ်ငါးမျိုးများသည် အခြားပင်လယ်ငါးများထက် ပြဒါးပါဝင်မှုအလွန်နည်းပြီး (သုညဒသမ ၀၁၃-သုညဒသမ ၀၅)ပီပီအမ် သာပါဝင်ကြောင်း တွေ့ရှိရသည့်အတွက် ငါးကွန်းရှပ်ကို စားသုံးပေးခြင်းဖြင့် အိုမီဂါ -၃ အကျိုးကျေးဇူးဖြစ်သော နှလုံးသွေးကြောကျဉ်းခြင်း၊လေဖြတ်ခြင်း၊ ကျောက်ကပ်၊ ကင်ဆာ၊ မျက်လုံးအမြင်စွမ်းအား၊ခန္ဓာကိုယ် ရောင်ရမ်းခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်မှုကို လျော့ချနိုင်သည့်အပြင် ဗီတာမင်ဘီ ၁၂ - ၁၄၅ ရာခိုင်နှုန်း နှင့် ဗီတာမင် ဒီ ၉၀ ရာခိုင်နှုန်းထိပါဝင်သဖြင့် သွေးအားနည်းခြင်း ရောဂါများကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများပြီး တန်ဖိုးလည်း မများပါသော ငါးကွန်းရှပ်ကို စားသုံးသင့်ပါသည်။

## ငါးကွန်းရှပ်စားခြင်း၏ ကျန်းမာရေးကောင်းကျိုးများ

ငါးကွန်းရှပ်သည် ကယ်လ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်းပါဝင်မှုများသောကြောင့် ဦးနှောက်အတွက် အကျိုးပြုပါသည်။ ငါးကွန်းရှပ်ငါးသည် ခန္ဓာကိုယ်အတွက် မရှိမဖြစ် အရေးပါသော အိုမီဂါသရီး ဖက်တီးအက်စစ် လည်းပါဝင်ပါသည်။ လူ့ခန္ဓာကိုယ်သည် အိုမီဂါသရီးဖက်တီးအက်စစ်ကို မထုတ်လုပ်နိုင်ပေ။ လေ့လာမှုများအရ အိုမီဂါသရီးဖက်တီးအက်ဆစ်သည် နှလုံးကိုကျန်းမာစေနိုင်သလို ခန္ဓာကိုယ်ကျန်းမာရေးအတွက်လည်း အရေးပါပါသည်။ ငါးကိုမကြိုက်ဘူး ဆိုလျှင်တောင်မှ ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် တစ်ပတ်ကို တစ်ကြိမ်၊ နှစ်ကြိမ်ခန့်မျှ ငါးစားပေးသင့်ပါသည်။ ငါးကွန်းရှပ်စားခြင်းဖြင့်-

### ၁။ နှလုံးရောဂါမဖြစ်အောင် ကာကွယ်ပေးခြင်း

လေ့လာမှုများအရ တစ်ပတ်လျှင် တစ်ကြိမ် ပုံမှန် ငါးစားသုံးသောသူများသည် ပုံမှန်ထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းနည်းနေသည်ကို တွေ့ရှိခဲ့ကြပါသည်။ ငါးလုံးဝမစားသူများသည် ရံဖန်ရံခါ ငါးစားသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့်ပိုများနေတတ်သည်ဟုလည်း သိရပါသည်။ ငါးကွန်းရှပ်တွင်ပါသော အိုမီဂါသရီးဖက်တီးအက်ဆစ်သည် နှလုံး ရောဂါခံစားရနိုင်ခြေကို ကျဆင်းစေပါသည်။

### ၂။ အယ်လ်ဇိုင်းမား(Alzheimers) ဖြစ်နိုင်ခြေကို နည်းပါးစေခြင်း

တစ်ပတ်လျှင် တစ်ကြိမ်ခန့် ငါးစားသုံးပေးမည်ဆိုလျှင် ဦးနှောက်နှင့်မှတ်ဉာဏ်စွမ်းရည်ကိုကောင်းမွန်စေနိုင်ပါသည်။ ငါးကွန်းရှပ်ကို ကြော်စားခြင်းထက် ဟင်းချက်စားခြင်း၊ ပေါင်းစားခြင်းသည် ကျန်းမာရေးနှင့် ပိုသင့်တော်ပါသည်။ ငါးသည် ဦးနှောက်ဆဲလ်များကို ကျန်းမာစေနိုင်ပါသည်။ မှတ်ဉာဏ်ကောင်းပြီး သင်ယူမှုအားကောင်းချင်သူများအတွက် ငါးသည် အသင့်တော်ဆုံးအစားအစာဖြစ်သည်။

### ၃။ အရေပြားနှင့် ဆံသားကို ကျန်းမာစေနိုင်ခြင်း

အရေပြားနှင့် ဆံသားကျန်းမာစေရန်အတွက် ခန္ဓာကိုယ်တွင် ကျန်းမာသောအဆီပြည့်ဝနေဖို့လိုပါမည်။ အဆီပြည့်ဝနေမှ အသားအရေသည်

စာ-၉ သို့

# ပထမဆုံး ဒူးရင်းတင်ပို့သည့် စက်ရုံ ကမ္ဘောဒီးယားဖွင့်လှစ်

နိုင်ငံတကာဈေးကွက်တင်ပို့ရန် အတွက် ကမ္ဘောဒီးယားသည် ၎င်း၏ ပထမဆုံးသော ဒူးရင်း ထုပ်ပိုးသည့် စက်ရုံကို Tbong Khmum ခရိုင်၊ Sralob Commune ချန်တုံးရွာတွင် ဖွင့်လှစ် ခဲ့သည်။ HF FRUIT လီမိတက်သည် ကမ္ဘောဒီးယားဒူးရင်းသီးများအတွက် တရုတ်ဈေးကွက်ကို အဓိက အားထားပြီး အဆိုပါစက်ရုံကို တည်ထောင်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုကို ခရိုင်အစိုးရမှ ပံ့ပိုးကူညီလျက်ရှိပြီး Tbong Khmum ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး Mr.Heng Pisith က "ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးအခင်း အကျင်းအတွက် သမိုင်းဝင်အခိုက်အတန့်ပါပဲ" ဟု ပြောကြားခဲ့ပါသည်။ အဆိုပါ စက်ရုံသည် နိုင်ငံတကာ အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ဒူးရင်းသီးများကို အပြိုင်အဆိုင် ဈေးနှုန်းများဖြင့် ရောင်းချနိုင်စေခြင်း ဖြစ်သည်။

စက်ရုံမှ ဒူးရင်းသီးများကို အရွယ်အစား၊ အမျိုးအစား၊ အရည်အသွေးအလိုက် ဈေးကွက် ပေါက်ဈေးဖြင့် ဝယ်ယူသည့် ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်သည်။ ဤနည်းလမ်းသည် တောင်သူ များအတွက် လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်ကို လျှော့ချရန်နှင့် ပိုမိုမြင့်မားသော ထုတ်လုပ်မှုစံနှုန်း များကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။

ကမ္ဘောဒီးယားတွင် လက်ရှိဒူးရင်းခြံ ၅၂၈၉ ဟက်တာရှိပြီး နှစ်စဉ် အထွက်နှုန်း ၃၆,၆၅၆ တန်ရှိသည်။ Tbong Khmum ခရိုင်တွင် ဒူးရင်းစိုက်ဧက ၉၅၀ ရှိပြီး၊ ထုပ်ပိုးစက်ရုံသည် ထိုင်းနှင့် ဗီယက်နမ်တို့ထက် ပို့ကုန်အခွင့်အလမ်းများကို လွယ်ကူချောမွေ့စေရန်ဖော်ဆောင် ပေးပြီး ကမ္ဘာ့ ဒူးရင်းဈေးကွက်တွင် ကမ္ဘောဒီးယား၏ ရပ်တည်ချက်ကို မြှင့်တင်ပေးခဲ့သည်။

ဒေသခံတောင်သူများက စက်ရုံ၏လုပ်ငန်းများကို အလားအလာရှိသော အနာဂတ်အဖြစ် ရှုမြင်ကြသည်။ ကမ္ဘောဒီးယားဒူးရင်းသီးများ၏ အရည်အသွေးနှင့် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ် ပြုမှုကို မြှင့်တင်ရန်အတွက် စီးပွားရေးအခွင့်အလမ်းတစ်ခုအဖြစ် ရှုမြင်ပါသည်။

ဤတိုးတက်မှုများသည် နိုင်ငံတကာ စိုက်ပျိုးရေးဈေးကွက်တွင် ကမ္ဘောဒီးယားနိုင်ငံ၏ ရပ် တည်မှုကို အားကောင်းစေပြီး စီးပွားရေးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို အထောက် အကူဖြစ်စေခဲ့သည်ဖြစ်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/europe/article/9729093/cambodia-opens-first-durian-export-facility/



စာ-၈ မှ

မွဲခြောက်မှုကင်းစင်မည်ဖြစ်သည်။ ငါးကွမ်းရှပ်တွင်ပါသော omega-3 သည် ကျန်းမာရေးနှင့် ညီညွတ်သည့် အဆီဖြစ်သောကြောင့် စားသုံးရန် သင့်တော်ပါသည်။ Omega-3 သည် အသားအရေကို အားဖြည့်ပေးသလို ဆံသားကိုလည်း ကျန်းမာသန်စွမ်းစေပါသည်။

**၄။စိတ်ဖိစီးမှုကို လျှော့ပါးသက်သာစေခြင်း**

လေ့လာမှုများအရ ငါးကွန်းရှပ် တွင်ပါသော အိုမီဂါသရီးသည် စိတ်ဖိစီးမှုကိုလျှော့ပါးသက်သာစေနိုင်သည်ဟု သိရပါသည်။ ကိုယ်ဝန်ဆောင်အမျိုး သမီးများ အနေဖြင့် တစ်နေ့လျှင် အိုမီဂါ -၃ ၃၀၀ မီလီဂရမ်စားသုံးပေးမည်ဆိုလျှင် ကိုယ်ဝန်ဆောင်ကာလအတွင်း ခံစားရနိုင်သော စိတ်ကျရောဂါကို သက်သာစေနိုင်သည်ဟု ဆိုပါသည်။

**၅။ ဦးနှောက်ဖွံ့ဖြိုးမှုကို တိုးတက်စေခြင်း**

ငါးကွန်းရှပ်တွင်ပါသော အိုမီဂါ-၃ နှင့် ငါးကနေရရှိနိုင်သော အခြား အာဟာရဓါတ်များသည် ကလေး



ငယ်၏ဦးနှောက်ဖွံ့ဖြိုးမှုကို တိုးတက်ကောင်းမွန်စေနိုင်ပါသည်။အိုမီဂါ- ၃ စားသုံးပေးခြင်းသည်ကလေးငယ်များတွင် ADHD ရောဂါလက္ခဏာများ မဖြစ်အောင် လုပ်ဆောင်ပေးနိုင်သည်ဟု ကျွမ်းကျင်သူများက လေ့လာတွေ့ရှိခဲ့ပါသည်။

**၆။ နာတာရှည်ဝေဒနာများ မဖြစ်အောင် ကာကွယ်ပေးခြင်း**

ငါးကွန်းရှပ်တွင်ပါသော အိုမီဂါသရီးသည် အမျိုးအစား- ၁ ဆီးချိုရောဂါကဲ့သို့ နာတာရှည်ဝေဒနာများမဖြစ်အောင်ကာကွယ်ပေးနိုင်ပါသည်။အိုမီဂါသရီးသည် ကလေးငယ်လေးများတွင်လည်း အမျိုးအစား-၁ ဆီးချိုရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်သလို လေးဖက်နာဝေဒနာနှင့် အာရုံကြောထိခိုက်ပျက်ယွင်းသော ဝေဒနာများခံစားရနိုင်ခြေကိုလည်း လျှော့ကျစေနိုင်ပါသည်။

**၇။ကလေးငယ်များတွင် ပန်းနာရင်ကျပ်မဖြစ်အောင် ကာကွယ်ပေးခြင်း**

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ နာတာရှည်လေပြွန်ရောင်ရမ်းနေသည့်အနေအထားတစ်ရပ်ဖြစ်သည်။ ယခုနောက်ပိုင်း ပန်းနာရင်ကျပ်ရောဂါ ခံစားရသူအရေအတွက်မှာ တော်တော်လေးတိုးလာနေပါသည်။ လေ့လာမှုများအရ ငါးကွန်းရှပ်အပါအဝင် ငါးပုံမှန်စားသုံးပေးသော ကလေးငယ်များတွင် ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၄ ရာခိုင်နှုန်းပိုနည်းသည်ကို တွေ့ရှိခဲ့ရပါသည်။ ကလေးငယ်လေးများမှာ ငါးများများစားလေလေ ပန်းနာရင်ကျပ်ရောဂါဖြစ်နိုင်ခြေ နည်းလေလေဖြစ်သည်။

**၈။အမြင်အာရုံ ကောင်းမွန်စေခြင်း**

လူကြီးများတွင်ဖြစ်သော မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်းမှာ အမြင်အာရုံထိခိုက်ဆုံးရှုံးရသည့် အဓိကအကြောင်းအရင်းဖြစ်သည်။ အသက်အရွယ်ရလာသည်နှင့်အမျှ အမြင်အာရုံမှာတဖြည်းဖြည်း အားနည်းလာပါသည်။ ငါးကွန်းရှပ်တွင်ပါသော အိုမီဂါသရီးဖက်တီးအက်စစ်များမှာ မြင်လွှာအလယ်ရောင်ခြယ်ပျက်သုဉ်းခြင်း မဖြစ်အောင်ကာကွယ်ပေးနိုင်ပါသည်။ငါးကွန်းရှပ် ငါးပုံမှန်စားသုံးပေးမည်ဆိုလျှင် အမျိုးသမီးများတွင် အမြင်အာရုံထိခိုက်ခြင်းကို ၄၂ ရာခိုင်နှုန်းအထိကျဆင်းစေနိုင်သလို အမြင်အာရုံဆိုင်ရာကြွက်သားများထိခိုက်နိုင်ခြေကိုလည်း ၅၃ ရာခိုင်နှုန်းအထိကျဆင်းစေနိုင်ပါသည်။ လူကြီးများတွင် အမြင်အာရုံထိခိုက်ခြင်းမဖြစ်စေရန် တစ်ပတ်တစ်ကြိမ်ခန့်မျှငါးကျွေးပေးပါ။

**၉။ ကောင်းကောင်းအိပ်ပျော်စေနိုင်ခြင်း**

ယနေ့ခေတ်တွင် ညအိပ်မပျော်ရသည့်အကြောင်းအရင်းများမှာ အတော်လေးများလာပါသည်။ ညဘက်အိပ်မပျော်ခြင်းသည် အကြောင်းအရင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ ခန္ဓာကိုယ်ထဲတွင် ဗီတာ မင်-D နည်းလျှင်လည်း အိပ်မပျော်ခြင်းဖြစ်နိုင်ပါသည်။တစ်ပတ်လျှင် ငါးကွန်းရှပ်ငါး ၃ ကြိမ်ခန့်စားသုံးပေးမည်ဆိုလျှင် ခန္ဓာကိုယ်အတွက် လိုအပ်သည့် ဗီတာမင်-ဒီ ကိုရရှိမည်ဖြစ်ပါသည်။

**၁၀။ လေဖြတ်နိုင်ခြေကို လျှော့နည်းစေခြင်း**

ငါးကွမ်းရှပ်အပါအဝင် ငါးစားခြင်းသည် လေဖြတ်နိုင်ခြေကို ကျဆင်းစေပြီး ဦးနှောက်ကိုကျန်းမာစေနိုင်ပါသည်။။။ ငါးတွင်ပါသော အိုမီဂါသရီးဖက်တီးအက်ဆစ်မှာ လေဖြတ်နိုင်ခြေကို ကျဆင်းစေနိုင်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- ငါးကွန်းရှပ်ငါးသည် လူကြိုက်များသော ငါးအမျိုးအစားတွင်ပါဝင်ပြီး ဈေးကွက်ဝင်ဈေးကောင်းရသော ငါးတစ်မျိုးလည်းဖြစ်သည်။ ထို့ပြင် ကျန်းမာရေးအကျိုးကျေးဇူးလည်းများပြားလှသဖြင့် စားပေးသင့်သော ငါးအမျိုးအစားဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ပင်လယ်ပြာ(ငါးဦးစီး)**

စာ-၅ မှ

အပေါ် လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးသည်။

၎င်းနောက် နေပြည်တော်၊ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးများမှ ပဲတီစိမ်းစိုက် တောင်သူများ ၊ ပဲ၊ပြောင်း၊နှမ်း လုပ်ငန်းရှင်များသည် ရောဂါဒဏ်ခံ အလားအလာကောင်းသော ပဲတီစိမ်းသီးနှံ မျိုးလိုင်းများကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် သုတေသီများ ပညာရှင်များ ရှင်းလင်းပြသကြပြီး ရောဂါဒဏ်ခံ နိုင်ရည်ရှိမှု၊ သီးနှံအရည်အသွေးများကို တောင်သူများ ကိုယ်တိုင် အကဲဖြတ်ရွေးချယ်ခဲ့ကြသည်။

ထိုမှတဆင့် တောင်သူများနှင့် လုပ်ငန်းရှင်များပါဝင်သော လေ့လာရေးအဖွဲ့သည် ဧယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစိုက်ကွင်းများတွင် စိုက်ပျိုးထားသည့် သက်တမ်းတို၍ အထွက်နှုန်းနှင့်စားသုံးမှုအရည်အသွေးကောင်းမွန်သော ဆည်ရေသောက် လယ်စပါး မျိုးသစ်များ မွေးမြူရွေးချယ်ခြင်း အကွက်ကျယ်သရုပ်ပြ စိုက်ကွင်း ကို ကွင်းဆင်းလေ့လာကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၈)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၄-၁)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်

## (ဃ) အစားအစာသိပ္ပံနှင့်နည်းပညာဘာသာရပ်(Food Science and Technology)

ဤဘာသာရပ်သည်လည်း စာရေးသူ ပါမောက္ခချုပ်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှ ဌာန အသစ်၊ ဘာသာအသစ် သင်ကြားနေသော ဘာသာရပ် ဖြစ်ပါသည်။ နိုင်ငံတကာတွင် ဤဘာသာရပ်က စိုက်ပျိုးမွေးမြူရေးနှင့်အတူ အရေးပါပြီး သင်ကြားသုတေသနပြုနေ သည်မှာ နှစ်ပေါင်းကြာမြင့်လျက်ရှိနေပါပြီ။

ကျွန်တော်တို့ နိုင်ငံတက္ကသိုလ်များတွင် ၁၉၆၂ခုနှစ် နောက်ပိုင်း ဒီဘာသာရပ်များအပါအဝင် ဘာကြောင့် ဒီလိုအရေးကြီး၊ အသုံးဝင်သော ဘာသာရပ်များ ထဲထဲဝင်ဝင် မသင်ခဲ့ကြတာလည်းနားမလည်နိုင်ပါ။ သုတေသန တော့ပြုသင့်ပါသည်။ ပညာရှင်အချင်းချင်း နားလည်မှု မပေးနိုင်တာ၊ မျက်စိပိတ်၊ နားပိတ်ဖြစ်နေတာ၊ ဗဟိုချုပ်ကိုင်မှု (Centralization)များပြား နေတာလည်း ဖြစ်မည်ထင်ပါသည်။

အစားအသောက်သိပ္ပံနှင့် နည်းပညာဘာသာရပ်သည် လူသားအားလုံးအတွက် အရေးကြီး သောဘာသာရပ် (Crucial Subject)၊ နိုင်ငံအများစုရှိ တက္ကသိုလ်များတွင် သင်ကြား၊သုတေ သနပြုနေသော ဘာသာရပ်ဖြစ်ပါသည်။စိုက်ပျိုးမွေးမြူရေး (Agriculture)၊ ဇီဝဗေဒ (Biology)၊ ဓာတုဗေဒ (Chemistry)၊ အင်ဂျင်နီယာပညာ (Engineering)၊ အာဟာရဗေဒ (Nutrition) တို့ကိုပေါင်းစပ်ထားပြီး အစားအသောက်စနစ် (Food Systems) အားလုံး၏ အရည်အသွေး (Quality)၊ စားသုံးရာတွင်(အစာအဆိပ်မသင့်စေရန်)ဘေးကင်းလုံခြုံစိတ်ချရမှု(Safety)၊ ရေရှည် တည်တံ့ခိုင်မြဲမှု (Sustainability)၊ တည်ထွင်ကြံဆမှုများ (Innovation) ကစားသုံးသူအားလုံး အတွက် အကျိုးရှိစေပါသည်။

ဤစုပေါင်းဘာသာရပ်က ပညာရပ်ပေါင်းစု (Comprehensive Approaches) လေ့လာ ထားရုံမက ကမ္ဘာ့စားနပ်ရိက္ခာ ဘေးကင်းလုံခြုံမှု (Food Security) ၊ ကျန်းမာရေး (Health)၊ စက်မှု/ စီးပွားရေး လုပ်ငန်းပေါင်းစုံလိုအပ်ချက် (Industry Needs) များကို ဖြည့်ဆည်းပေး ပါသည်။

### အစားအစာသိပ္ပံနှင့်နည်းပညာ၏အရေးပါရခြင်းအကြောင်းများ

(The Importance of Food Science and Technology)

(က) စားနပ်ရိက္ခာဘေးကင်းလုံခြုံမှုနှင့်အရည်အသွေးကိုအာမခံခြင်း (Ensures Food Safety and Quality)

အနုဇီဝဗေဒ(Microbiology)၊ဓာတုဗေဒ(Chemistry)၊အဆိပ်အတောက်ဗေဒ(Toxicology) ပညာရပ်တို့ပေါင်းစည်းပေးမှုက စည်းကမ်းထိန်းသိမ်းမှုဘောင် (Regulatory Standards) လိုအပ်ချက်ပြည့်မီစေသည်။ ဥပမာ - နို့ထွက်ပစ္စည်းများ ရောဂါပိုးမွှားများထိန်းချုပ်မှု (Pathogen Control in Dairy Products၊အစားအစာထုပ်ပိုးပစ္စည်းတီထွင်မှု(Food Packaging Innovations) သုတေသနများ

(ခ) အစားအစာရှားပါးမှုကိုတိုက်ဖျက်ပေးခြင်း (Combats Global Food Insecurity)

အစားအစာများကြာရှည်ခံနိုင်ရန် ဆောင်ရွက်သည့်နည်းလမ်းများ (Preserved for Longer Food)၊ အစားအစာများပျက်စီးမှုလျှော့ချခြင်း (Reduce Spoilage)၊ အာဟာရဓာတ် တန်ဖိုးတက်စေခြင်း(Enhance Nutritional Value)ကဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မရှိမဖြစ်အရေး ပါပါသည်။

(ဂ) စားသောက်ကုန်များတီထွင်ကြံဆမှုမောင်းနှင်ပေးခြင်း (Drives Innovation in Food Products)

အပင်အခြေပြုပရိုတင်းအစားအစာ (Plant-based Proteins)၊ အာဟာရဖြည့် အစားအစာ (Fortified Foods)၊ အစားအစာများတာရှည်ခံနိုင်မည့်ထုပ်ပိုးမှုများ (Sustainable Packaging) စသည်တို့ကိုတီထွင်ကြံဆဆောင်ရွက်နိုင်ပါသည်။ နောက်တစ်ခါ မကြာခင်က တီထွင်ထုတ်လုပ် လိုက်တဲ့ ဓာတ်ခွဲခန်းထုတ်အသားများ (Lab-grown Meat)၊ နို့ထွက်ပစ္စည်း မဟုတ်သောနို့များ (Non-dairy Milk alternatives) ထွက်ပေါ်လာပါသည်။ ကောင်းကျိုး ဆိုးပြစ်များ ဆွေးနွေးပါဦးမည်။

(ဃ) ကမ္ဘာ့စားသောက်ကုန်ထုတ်လုပ်မှုကိုအထောက်အကူဖြစ်စေခြင်း (Supports the Global Food Industry)

အစားအစာဘွဲ့ရများ (Food Graduates)က ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု (Product Development)၊ အရည်အသွေးထိန်းချုပ်မှု (Quality Control) ၊ ဘေးကင်းလုံခြုံမှု စည်းမျဉ်းများ (Food Safety Regulation)၊ ကွင်းဆက်စီမံခန့်ခွဲမှု (Supply Chain Management) စသည့်စနစ်များဖြင့် အစားအစာများ ပိုမိုထုတ်လုပ်နိုင်ပါမည်။

(င) ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို လျှော့ချပေးနိုင်ခြင်း (Reduces Environmental Impact)

ရေရှည်တည်တံ့သောစားသောက်ကုန်ထုတ်နည်းစနစ် (Sustainable Processing)၊ စွန့်ပစ်ပစ္စည်းလျှော့ချမှု(Waste Reduction)၊ အကျိုးရှိထိရောက်သောသွင်းအားစုများ ထုတ်လုပ်မှု (Resource-efficient Production) ရှိခြင်းတို့ကြောင့် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီး မှုကို အကူအညီပေးပါသည်။

### အစားအစာ၏အဓိပ္ပာယ် (Definition of Food)

အစားအစာ (Food) ကိုအဓိပ္ပာယ်ဖွင့်ဆိုရလျှင် လူ၏ခန္ဓာကိုယ်အတွက် မျိုချ၊ အစာချက် လုပ်ခြင်းဖြင့် ခွန်အားဖြစ်စေသော အရည် (သို့မဟုတ်) အစိုင်အခဲ (Anything solid or liquid which when swallowed and digested gives energy to the body) ကိုဆိုလို ပါသည်။ အစားအစာသိပ္ပံ (Food Science)ကတော့ အစားအစာများ၏ ပြုပြင် မွမ်းမံမှု၊ ကြာရှည်ခံအောင် ထုတ်လုပ်မှု၊ ပုပ်သိုးပျက်စီးမှုမဖြစ်စေရန် သိပ္ပံနည်းအခြေခံ သဘောတရားနှင့်အတူ စနစ်တကျ လေ့လာခြင်း (the systematic study of the nature of food materials and the scientific principles underlying their modification, preservation and spoilage) ဖြစ်ပါသည်။ အစားအစာများက စားသုံးသူများအား စွမ်းအင် (Energy)၊ ခန္ဓာကိုယ်ကြီးထွားမှုနှင့် ထိန်းသိမ်းမှု (Growth and Maintenance)၊ ကိုယ်ခံစွမ်းအားတိုးပွားစေမှု (Immunity) စသည့် နေ့စဉ် လိုအပ်ချက် (Daily Requirements for Human) များကို ဖြည့်ဆည်း ပေးပါသည်။

### အစားအသောက်ဆိုင်ရာတက္ကသိုလ်များတွင်သင်ကြားနေသော ဘာသာရပ်များ

(A) အစားအသောက်ဆိုင်ရာဓာတုဗေဒ (Food Chemistry) အစားအစာများ၏ပါဝင် ပစ္စည်း များ၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ဂုဏ်သတ္တိများ၏ ဓာတ်ပြုမှုဖြစ်စဉ်များကိုလေ့လာသော သိပ္ပံပညာ (Science that deals with the composition, structure and properties of food along with the chemical reactions.) ဖြစ်သည်။ အစားအစာအနုဇီဝဗေဒ (Food Microbiology) ဘာသာနှင့်ဆက်စပ်နေပြီး အနုဇီဝပိုးများကြောင့် အစားအစာ ဓာတုဖွဲ့စည်းပုံ ပြောင်းလဲမှုကိုလည်း လေ့လာပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ဤပညာ သင်ကြား၊ သုတေသနပြုနေသည် ဟူ၍ သိရှိရပါသည်။

(B) အစားအသောက်ဆိုင်ရာအနုဇီဝဗေဒ (Food Microbiology) အစား အစာများတွင် သာမန်မျက်စိနှင့် မမြင်နိုင်သော အနုဇီဝ ပိုးကလေးများ (Micro-organisms) အကြောင်း လေ့လာသော ပညာရပ်ဖြစ်ပါသည်။ အချို့ပိုးကလေးများ - အစားအစာပေါ်တွင် များပြား စွာပွားများပါက အစာအဆိပ်ဖြစ်မှု (Food Poisoning) ဖြစ်နိုင်၍ သတိပြုရပါမည်။

(C) အစားအသောက်များ ထုတ်လုပ်၊ စီမံ၊ ပြုပြင်ခြင်း (Food Processing/ Manufacturing) အစားအစာများ ဓာတု၊ရူပနည်းများဖြင့် ပြုပြင်ခြင်း (Physical and Chemical means)၊ ချက်ပြုတ်ခြင်း (Cooking )၊ ပါဝင်သောပစ္စည်းများ (Ingredients) ဖြင့် တာရှည်ခံအောင်ပြုပြင်ခြင်းတို့ဖြစ်သည်၊ ဥပမာ-လက်ဖက်စို ပြုလုပ်ခြင်း (Pickling)၊ ပုန်းရည်ကြီးပြုလုပ်ခြင်း၊ ကင်ချီ/ မုန့်ညင်းချဉ်ပြုလုပ်ခြင်း (Kimchi–Fermented Vegetables)၊ နွားနို့များပိုးသတ်ပေးခြင်း (Pasturization)၊ ဒိန်ချဉ်ပြုလုပ်ခြင်း (Yoghurt)၊ သံဘူး၊ ပုလင်းများဖြင့် ကြာရှည်ခံ အောင်ပြုလုပ် ခြင်း (Canning)၊ စသည့် ထုပ်ပိုးပစ္စည်းများ (Packaging Materials)ဖြင့် အစားအစာ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ပါဝင်ပါသည်။

စာ-၁၁ သို့

စာ-၁၀ မှ

(D)အစားအသောက်ဆိုင်ရာ အင်ဂျင်နီယာပညာ (Food Engineering) အစားအသောက်ဆိုင်ရာအင်ဂျင်နီယာပညာက ဇီဝသိပ္ပံ (Biology)၊ အဏုဇီဝဗေဒ (Microbiology)၊ အင်ဂျင်နီယာပညာ (Engineering)၊ ဇီဝနည်းပညာ (Biotechnology) နှင့် အစားအစာနှင့်ဆက်စပ်ဘာသာများကို ပူးပေါင်းလေ့လာသောပညာဖြစ်ပါသည်။ အစားအသောက်များ ထုတ်လုပ် (Food Manufacturing) ပြီး ပြုပြင်ပြောင်းလဲ (Food Processing) ပေးသော ပညာရပ်လည်းဖြစ်ပါသည်။ အစားအစာအင်ဂျင်နီယာ (Food Engineers) ပညာရှင်များအတွက် အလုပ်အကိုင်များမှာ အစားအသောက်လုပ်ငန်း အတွက် ဒီဇိုင်းဆွဲပေးနိုင်မှု (Design of Food Industrial Machinery, Equipment and Structure)၊ အစားအသောက်သိုလှောင်သိမ်းဆည်းရာတွင် အအေးပေးစနစ် (Cooling System)၊ လေဝင်လေထွက်စနစ် (Ventilation System)၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ဖြင့် အစားအစာများပြုပြင် ပြောင်းလဲပေးခြင်း (Post Havest Technology, Processing, Handling and Storage, etc.)၊ အစားအစာဘေးကင်းလုံခြုံမှု (Food Security and Safety) စသည့်လုပ်ငန်း၊ အလုပ်အကိုင်များ ဖြစ်ပါသည်။




အစားအသောက်ပြုပြင်ရေးနည်းလမ်းများ

### လက်ရှိရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အစားအစာသိပ္ပံနှင့် နည်းပညာဌာနတွင် သင်ကြား လျက်ရှိသော ဘာသာရပ်များ-

ယခင်(Credit System)စနစ်တွင်သင်ကြားပေးခဲ့သောဘာသာရပ်များမှာ

(၁) အစားအစာ သိပ္ပံနှင့်နည်းပညာ အခြေခံသဘောတရားများ (Fundamentals of Food Science and Technology)၊

(၂) အစားအစာ ပြုပြင်မွမ်းမံမှုထုတ်လုပ်ခြင်းဆိုင်ရာ အခြေခံနည်းလမ်းများ (Principle of Food Processing Technology)၊

(၃) အစားအစာဆိုင်ရာ ဓာတုနှင့်အဏုဇီဝဗေဒအခြေခံသဘောတရားများ (Fundamentals of Food Chemistry and Microbiology)၊

(၄) အစားအစာ ဘေးကင်းလုံခြုံမှုနှင့် အရည်အသွေးမြင့်တင်နိုင်သောနည်းလမ်းများ (Food Safety and Food Quality Management)၊

(၅) တာရှည်ခံ အစားအစာထုတ်လုပ်ခြင်းနှင့် ဖြည့်စွက်ပစ္စည်းများ (Food Preservatives and Additives)၊

(၆) အစားအစာများ၏ ရူပဓာတုဂုဏ်သတ္တိများ ဓာတ်ခွဲစိစစ်ခြင်းနည်းပညာ (Laboratory Techniques in Food Analysis)၊

(၇) နှံစားသီးနှံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ကြိတ်ခွဲထုတ်လုပ်မှု နည်းပညာ (Milling and Processing of Cereals, Pulses and Oilseeds)၊

(၈) အစားအစာ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှု၊ သိုလှောင်မှုနှင့် အညွှန်းတပ်ခြင်းနှင့် ကိုင်တွယ် မှု နည်းပညာ (Food Handling Practices, Packaging, Transportation, Storage and Labeling)၊

(၉) အထွေထွေစိုက်ပျိုးရေးပညာရပ် (General Agriculture)နှင့်

(၁၀) လုပ်ငန်းခွင်ဝင် အလုပ်သင်လုပ်ငန်းများ (Internship Program) စသည် တို့ကို စာတွေ့ လက်တွေ့သင်ကြားခဲ့/နေပါသည်။

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)

# အိန္ဒိယတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြောင်းလဲစိုက်ပျိုးမှုကြောင့် ဝါစိုက်ဧရိယာကျဆင်းဖွယ်ရှိ

USDA India Post ၏ ခန့်မှန်းချက်အရ ၂၀၂၅-၂၆ ရောင်းဝယ်ရေးနှစ်တွင် အိန္ဒိယနိုင်ငံ၏ ဝါစိုက်ဧကဟက်တာ ၁၁ ဒသမ ၄ သန်းအထိ လျော့နည်းသွားမည်ဖြစ်ပြီး ၎င်းမှာ ပဲမျိုးစုံနှင့် ဟင်းသီး ဟင်းရွက်၊ ဆီထွက်သီးနှံများကဲ့သို့ အမြတ်အစွန်းပိုမိုရရှိသည့် သီးနှံများသို့ ပြောင်းလဲစိုက်ပျိုးခြင်း ကြောင့်ဖြစ်ကြောင်း သိရသည်။

ဝါဂွမ်းထုတ်လုပ်မှုမှာ ပေါင် ၄၈၀ ပါ ဝါဂွမ်းထုပ် ၂၅ သန်းအထိ ပမာဏတွင် တည်ငြိမ်လျက်ရှိမည်ဟု ခန့်မှန်းရပြီး ရေသွင်းစိုက်ပျိုးနိုင်သောဒေသများတွင် အထွက်နှုန်း ပိုမိုကောင်းမွန်မည်ဖြစ်သည်။ သို့ရာတွင် ပန်ဂျာဘ်ပြည်နယ်တွင် စိုက်ဧက တည်ငြိမ်လျက်ရှိစဉ် ဟာရီယာနာတွင် ၅ ရာခိုင်နှုန်း၊ ရာဂျက်စသန်တွင် ၂ ရာခိုင်နှုန်း၊ ဂူဂျာရတ်တွင် ၃ ရာခိုင်နှုန်း အသီးသီးလျော့နည်းမည်ဖြစ် ကြောင်း တွေ့ရှိရသည်။

တယ်လန်ဂန်နာ၊ ကနာတာကာ၊ အန်ဒရာပရာဒက်ရှ်နှင့် တမီလ်နာဒူးပြည်နယ်များတွင် အစိုးရ၏ အီသနောလောင်စာအစီအစဉ်များကြောင့် ဝါစိုက်ဧက ၇ ရာခိုင်နှုန်းခန့် လျော့နည်းကာ ပြောင်းနှင့် ဆန်စပါးစိုက်ပျိုးမှုသို့ ပြောင်းလဲမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅-၂၆ ရောင်းဝယ်ရေးနှစ်အတွက် စက်ရုံသုံးဝါထုပ် ၂၅ ဒသမ ၇ သန်းအထိ ရှိမည်ဟု ခန့်မှန်းထားပြီး တင်ပို့မှုမှာ ၁ ဒသမ ၅ သန်း၊ သွင်းကုန်မှာ ၂ ဒသမ ၅ သန်းအထိ ရှိမည်ဖြစ်သည်။ အထူးသဖြင့် Extra Long Staple (ELS) ဝါသုံးစွဲမှု တိုးတက်လာမည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုမှ အဓိကတင်သွင်းလေ့ရှိကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံတွင် ELS ဝါကို ဟက်တာ ၂ သိန်းခန့်တွင် စိုက်ပျိုးသော်လည်း အထွက်နှုန်း နိမ့်ကျမှု၊ ကုန်ကျစရိတ်မြင့်မားမှုနှင့် ပိုးမွှားကျရောက်မှုများကြောင့် ထုတ်လုပ်မှုတိုးတက်ရန် အခက်အခဲရှိနေဆဲဖြစ်ကြောင်း USDA Post ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။



ချည်မျှင်ရှည် ဝါအမျိုးအစားဖြစ်သော ELS ဝါကို အမေရိကန်ပြည်ထောင်စု၊ အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့မှ တင်သွင်းလျက်ရှိသည်ကို တွေ့ရှိရပြီး၊ မြန်မာနိုင်ငံအတွက် အဆိုပါ အရည်အသွေးမြင့် ဝါအမျိုးအစားကို စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံတွင် ဈေးကွက်ရရှိနိုင်မည်ဖြစ်သော်လည်း ဈေးနှုန်းနှင့် အရည်အသွေး တို့တွင် အဆိုပါနိုင်ငံများနှင့် ယှဉ်ပြိုင်ရန် စိန်ခေါ်မှုများရှိနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**ကောင်းထွဋ်အောင်**

The Hindu Businessline, 'India's cotton area may see a dip in 2025-26 as farmers seen shifting to pulses, oilseeds', March 31, 2025

■

စာ-၇ မှ

အမေရိကန်ဒေါ်လာ ၂ ဒသမ ၁-၂ ဒသမ ၉၄ ရှိခဲ့ပြီး ယခုအခါ အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၀ အထိ ရောက်ရှိနေပြီ ဖြစ်သည်။

ဗီယက်နမ်အုန်းသီးများကို အဓိကဈေးကွက်အဖြစ် အမေရိကန်နှင့် တရုတ်နိုင်ငံတို့နှင့်အတူ နိုင်ငံပေါင်း ၄၀ သို့ တင်ပို့လျက်ရှိသည်။ ဩဂုတ်လ (၂၀၂၃)ခုနှစ်တွင် ဗီယက်နမ်အုန်းသီးသည် အမေရိကန် ဈေးကွက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး တင်ပို့မှုအနေဖြင့် တစ်နှစ်အတွင်း ၁၁ ဆ တိုးလာခဲ့သည်။ ၂၀၂၄ ခုနှစ် အစောပိုင်းကာလတွင် အမေရိကန်သို့ တင်ပို့မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၄၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရှိရသည်။ **နှင်းရိဝင်း**

https://www.freshplaza.com/north-america/article/9729998/global-coconut-prices-surge-on-supply-shortages/




၂၇-၅-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင်ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန်ဟောင်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘိုပေါ်ဆန်းဆန် သစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပေါ်ကျွဲဆန် အလတ်စတစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာ ဆန်အသစ် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၄၀၀၀ ကျပ်နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၇၅၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း ငစိန်ဆန် အလတ်စတစ်တင်းခွဲ တစ်အိတ် လျှင် ၆၄၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၆၃၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင် အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှုမရှိပါ။ အာရှတွင် စပါးအထွက်နှုန်း ကောင်းမွန်ခဲ့ခြင်းနှင့် စပါးလက်ကျန်များနေခြင်းကြောင့် စပါးဈေးနှုန်းများ ထပ်မံမြင့်တက်ရန် မရှိသေးခြင်း၊ လမ်းပန်း ဆက်သွယ်ရေးနှင့် နယ်ကျော်သယ်ဆောင်ရန် အခက်အခဲများ ကြောင့် လိုရာခရီးမရောက်ခြင်းစသည့် အခြေအနေများကြောင့် မိုးစပါးအဟောင်းများ လက်ကျန် များကာ ရောင်းလိုအားများခဲ့ပြီး နွေစပါးသစ်များမှာလည်း ဝယ်ယူသူနည်းခဲ့ခြင်းကြောင့် ရောင်း လိုအားများခြင်းတို့ ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ နွေစပါးလှိုင်ချိန်ဖြစ်ခြင်းကြောင့် တရုတ်၊ ဘူလ်ဂေးရီးယား၊ ဖိလစ်ပိုင်၊ စပိန်၊ ပိုလန်စသော နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုရှိသော် လည်း ပြည်ပပို့ဆန်များ အတက်အကျနည်းကာ ဈေးငြိမ်လျက်ရှိသည်။ ပြည်တွင်းသုံး စွဲမှုများသော ဆန်အမျိုးအစားများမှာလည်း အရောင်းအဝယ်အေးကာ ဈေးငြိမ်လျက်ရှိသည်။ လက်လီဈေးကွက်များတွင်လည်း အရည်အသွေးပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသောဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ရန်ကုန်ဈေးကွက် သို့ဖျာပုံ၊မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့ပြီး စားသုံးသူများက ပုံမှန်ဝယ်ယူမှုသာရှိခဲ့ကြောင်း သိရ သည်။

## အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်းများအား ထိုင်းနိုင်ငံသို့ အကောက်ခွန်လွတ်တင်သွင်းခွင့်ရသောကာလ ဖြစ်ခြင်း၊ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ပြည်ပဝယ်လက်များမှ ဝယ်ယူမှုများလာခြင်း၊ ထိုင်းနယ်စပ်တွင် ပြောင်းဈေးအနည်းငယ်မြင့်လာခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ ယခင်အပတ်ထက် အနည်းငယ် ဈေးမြင့်လာခဲ့သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၉၂၃၄၀ ကျပ်ဖြစ်သည်။

## ပဲမျိုးစုံ

နိုင်ငံတကာကုန်သွယ်ရေးစစ်ပွဲနှင့် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းများကြောင့် ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ဒေါ်လာတန်ဖိုး မတည်ငြိမ်မှုများရှိနေခြင်း၊ အိန္ဒိယ ပြည်တွင်းဈေးကွက် တွင် ပဲခွဲစက်များမှ အဝယ်ကျဆင်းနေချိန်ဖြစ်ခြင်း၊ အိန္ဒိယ အစိုးရ၏ လွတ်လပ်စွာတင်သွင်းခွင့် တစ်နှစ်ရရှိထားသော်လည်း အိန္ဒိယကုန်သည်များမှ ဝယ်လိုအားထိန်းနေခြင်း၊ အိန္ဒိယနိုင်ငံတွင် မုတ်သုံအဝင်စောခြင်းကြောင့် ပဲစင်းငုံစိုက်ဧကများတိုးချဲ့မည့် အလားအလာများရှိနေခြင်းစသည့် အခြေအနေများကြောင့် မတ်ပဲ(သဘော်တင်)နှင့် ပဲစင်းငုံ(သဘော်တင်)ဈေးနှုန်းများ ယခင်အပတ်ထက်ဆက်လက်ဈေးနိမ့်လာခဲ့သည်။မတ်ပဲ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှ ဈေးနှုန်းမှာ ၃၀၄၇၀၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်း ၂၉၉၇၀၀၀ကျပ်သို့လည်းကောင်း၊ ပဲစင်းငုံ(သဘော်တင်) တစ်တန်လျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၉၂၀၀၀၀ ကျပ်ဖြစ်ပြီး ယခု အပတ်ဈေးနှုန်း ၂၈၆၀၀၀၀ကျပ်သို့လည်းကောင်း အသီးသီးရောက်ရှိဈေးနိမ့်ခဲ့သည်။ ယခုရက် သတ္တပတ်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ၆ ရက် ရှိခဲ့သော်လည်း မတ်ပဲ(သဘော်တင်)မှာကုန် သေတ္တာ ၂၅လုံးခန့်သာအရောင်းအဝယ်ဖြစ်ခဲ့ပြီး ပဲစင်းငုံ(သဘော်တင်)မှာ ကုန်သေတ္တာ ၅ လုံးခန့် သာအရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ပဲတီရွှေဝါဈေးနှုန်းများမှာ တရုတ်နိုင်ငံအပြင် အခြား သောနိုင်ငံများမှ ဝယ်လိုအားရှိခြင်း၊ ပြည်တွင်းလက်ကျန်နည်းလာခြင်းနှင့် အချို့ဒေသများတွင် စိုက်ပျိုးရန် မျိုးပဲအဖြစ် ဝယ်ယူမှုရှိခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက်ဈေးမြင့်လာခဲ့ သည်။ ပဲတီရွှေဝါ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၀၅၆၀၀ ကျပ်မှ ယခုအပတ်ဈေးနှုန်းမှာ ၄၁၅၅၀၀ ကျပ်သို့ရောက်ရှိဈေးမြင့်ခဲ့သည်။ ထောပတ်ပဲနှင့် ပဲလွမ်းဖြူမှာ ဈေးကွက်သို့ ကုန်အဝင်နည်းလာခြင်းနှင့် ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဆက်လက် ဈေးမြင့်ခဲ့သည်။ ထောပတ်ပဲ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်း မှာ ၂၈၉၂၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၉၄၆၀၀ ကျပ်သို့လည်းကောင်း၊ ပဲလွမ်းဖြူ ၃ တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၆၂၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ် ဈေးနှုန်းမှာ ၂၇၂၄၀၀ ကျပ်သို့လည်းကောင်း အသီးသီး ရောက်ရှိ ဈေးမြင့်ခဲ့သည်။ ကုလားပဲမှာ ပဲသစ်အဝင်ရှိနေသေးခြင်းနှင့် လှောင်လက်ဝယ်ယူမှု ရှိခြင်းကြောင့်လည်းကောင်း ပဲပုပ်ပဲမှာ အရည်အသွေး အနိမ့်စအချို့ ဈေးကွက်သို့ ဝင်ရောက်မှုရှိလာခြင်းနှင့် ရောင်းလိုအား ဝယ်လိုအား မျှ နေခြင်းတို့ကြောင့်လည်းကောင်း ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကုလားပဲ တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၄၇၀ ကျပ်ဖြစ်ပြီး ပဲပုပ်ပဲ ၃တင်း/၆၀ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၃၆၇၅၀၀ ကျပ်ဖြစ်သည်။ ဘိုကိတ်ပဲမှာ ကုန်အဝင်နည်းလာ သော်လည်း အရည်အသွေးအနိမ့်စအချို့ဝင်ရောက်မှုရှိခြင်းနှင့် ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင် အပတ်ထက်ဈေးနိမ့်လာခဲ့သည်။ ဘိုကိတ်ပဲ ၃တင်း/ ၆၀ ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၂၃၄၄၅၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၂၃၂၅၀၀ ကျပ်သို့ရောက်ရှိဈေးနိမ့် ခဲ့သည်။

## စားသုံးဆီ

ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၃၉၀ ကျပ်ဖြစ်သည်။ ယခင်အပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက စားအုန်းဆီတစ်ပိဿာလျှင် ၁၃၀ ကျပ်နှုန်း ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်း ဈေးနှုန်းထက်များစွာ မကွာသောဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့သော မြို့နယ်များတွင် စားအုန်းဆီတစ်ပိဿာ ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင်ဖြစ်သည်။

အေးသန္တာဝင်း

## ဆန်

ရန်ကုန်ပေါ်ဆန်းမှာ အဝင်ပုံမှန် မြို့တွင်း စားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၁၅၀၀၀ကျပ်၊ ရွှေဘိုပေါ်ဆန်းမှာလည်း ရွှေဘိုဒေသတစ်ခု ထဲမှထွက်ရှိသဖြင့် အဝင်နည်းသော်လည်း ယခုအပတ်မိုးများသဖြင့် အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ မနောသုခဆန်မှာ အဝင်နည်းပြီး မိုးစပါးစိုက်ရန်ပြင်ဆင်ချိန်ဖြစ်ခြင်း၊ မြို့တွင်းလူလတ်တန်း စားအများသုံးဆန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၈၀၀၀၀ကျပ်မှ ၉၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ငစိန်ဆန်နှင့်ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့်ဝင်ရောက်ပြီး ငစိန်ဆန်မှာ မုန့်လုပ်ငန်းသမား အဝယ်နည်းခြင်း၊ အဝင်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၇၂၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေပြီး ဧယာဆန်မှာ ပြည်ပတင်ပို့မှုနည်းခြင်း၊ တောင်သူထုတ်ရောင်းမှုရှိခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်မှ ၈၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ဧရာမင်းဆန်မှာ အဝင်များလာခြင်း အသစ်များဖြစ်ခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်မှ ၁၂၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ရန်ကုန်မှ မန္တလေးသို့ ဆန်တစ်အိတ် သယ်ယူပို့ဆောင် ခမှာ လမ်းပန်းဆက်သွယ်ရေးနှင့် အိတ်အနည်းအများပေါ်မူတည်၍ ၃၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်၊ ရွှေဘိုမှ တစ်အိတ် ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ် ဈေးရှိကြောင်းသိရသည်။

## ဆီထွက်သီးနှံ

မြေပဲ (လုံးဆန်) ဈေးနှုန်းမှာ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၂၇-၅-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




လုပ်ငန်းသမားပုံမှန်ဝယ်ယူမှုရှိခြင်း၊ အရည်အသွေးကောင်း ရှားခြင်းကြောင့် ၁၀၀ ပိဿာ ၁၀၀၀၀၀၀ ကျပ်မှ ၁၀၂၀၀၀၀ ကျပ်သို့လည်းကောင်း၊ မြေပဲ(ဆီဆန်)မှာ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်း၊ ပစ္စည်းကောင်းရှားခြင်းကြောင့် ၁၀၀ပိဿာ အရည်အသွေးပေါ်မူတည်၍ အနိမ့်ဆုံး ၉၀၀၀၀၀ ကျပ်မှ ၉၃၀၀၀၀ ကျပ်ဈေးမြင့်သွားပြီး အမြင့်ဆုံး ၉၄၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းမျိုးစုံဈေးနှုန်းများအနက် နွေနှမ်းဝင်ချိန်နီးခြင်း၊ ပြည်ပပို့ရန် အဝယ်နည်းခြင်း၊ မြို့တွင်းလုပ်ငန်း သမား အဝယ်ရှိခြင်းကြောင့် နှမ်းဖြူ ၄၅ ပိဿာ အရည်အသွေး အကောင်းဆုံး ၃၆၅၀၀၀ ကျပ်ဖြင့် တည်ငြိမ်နေ ပြီး နှမ်းညိုမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ အရည်အသွေးကောင်းခြင်း၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ ပိဿာ ၃၃၅၀၀၀ ကျပ်မှ ၃၅၀၀၀၀ ကျပ်သို့ ဈေးမသိမသာမြင့်သွား သည်။ နှမ်းနက် (စမုံ) မှာ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ အသစ်များကိုသာ အရောင်းအဝယ်ဖြစ်မှုရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၃တင်းတစ်အိတ် ၆၅၀၀၀၀ ကျပ်မှ ၇၅၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးနှင့် ရောင်းဝယ်နေသည်။ ပန်းနှမ်းဈေးနှုန်းမှာ စိုက်ဧကနည်း၊ အထွက်နည်း အဝင်နည်းခဲ့ခြင်း၊ ပစ္စည်းရှား၍ ဈေးမြင့်ခြင်း၊ အရောင်းအဝယ်အေးခြင်းကြောင့် ၄၅ ပိဿာ ၂၆၈၀၀၀ ကျပ်မှ ၂၇၃၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာမှာ ဆောင်းနေကြာအဝင်နည်းခြင်း၊ မိုးစိုက်အတွက် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ဆီစက်သမား အဝယ်နည်းအရောင်းအဝယ်အေးခြင်းကြောင့် ၂၇ ပိဿာ ၂၀၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

## စားဖိုဆောင်သီးနှံ

ငရုတ် ခြောက် (ရှည်) တစ်ပိဿာ ၈၀၀၀ကျပ်၊ ငရုတ်ခြောက် (လတ်)တစ်ပိဿာ ၁၀၀၀၀ ကျပ်၊ ဧရာဝတီတိုင်းမှ ငရုတ်ခြောက် (ပွ) တစ်ပိဿာ ၁၈၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးဝယ်ယူမှုသာရှိသည်။ ယခုအခါ ကြက်သွန်နီများ မြစ်သားဘက်မှ လှိုင်လှိုင် ဝင်ရောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် ရာသီဥတုအခြေအနေများကြောင့် နယ်ဝေးတင်ပို့ရမှု နည်းခြင်းကြောင့် ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၁၈၀၀ ကျပ်မှ ၁၇၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး လတ်တစ်ပိဿာ ၁၅၀၀ ကျပ်၊ သေး တစ်ပိဿာ ၁၃၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူဈေးနှုန်းအနေဖြင့် အဝင်နည်းသော်လည်း အဝေးတင်ပို့ရမှု နည်းခြင်းကြောင့် ကြက်သွန်ဖြူ (တရုတ်) တစ်ပိဿာ ၁၂၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ (ရှမ်း)မှာ သုံးမျိုး လုံးယှဉ်ပြိုင်ဝင်ရောက်ခြင်း၊ မြို့တွင်းသုံးစွဲမှုသာရှိခြင်းကြောင့် အညံ့ဆုံး တစ်ပိဿာ ၄၀၀၀ ကျပ် အကောင်းဆုံး တစ်ပိဿာ ၇၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(မြန်မာ)မှာ လက်ကျန် အရည်အသွေးညံ့ သွားခြင်းကြောင့် သေးတစ်ပိဿာ ၅၀၀၀ကျပ်၊ ကြီးတစ်ပိဿာ ၈၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ အောင်ပန်းအာလူးများ အဝင်များလာခြင်း မြို့တွင်းသုံးစွဲမှု ပုံမှန်ရှိခြင်းကြောင့် အောင်ပန်းအာလူးတစ် ပိဿာ ၄၀၀၀ ကျပ် တရုတ်အာလူး ၃၂၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ စားဖိုဆောင်သီးနှံများအား ယခုအပတ်တွင် လမ်းပမ်းဆက်သွယ်ရေး အရ ဗန်မော်အထက်ပိုင်း မော်လူး၊ ပင်လယ်ဘူး၊ မတ္တရာသို့ တင်ပို့မှုရံဖန်ရံခါ ရှိသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းအနေဖြင့် ရန်ကုန်ဝယ်လက် နည်းခြင်း ပဲခွဲစက်နှင့် အခွံချွတ် သမား အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၈၆၀၀၀ကျပ်မှ ၂၈၂၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲတီစိမ်း(အညာ)မှာ မတ္တရာ၊ စဉ့်ကူး၊ ရွှေဘိုမှဝင်ရောက်ပြီး တရုတ်ဝယ်လက်နည်းခြင်း၊ အခွံချွတ် သမားအဝယ်သာရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၄၃၀၀၀၀ကျပ်မှ ယခုအပတ် ၃၈၅၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲပုတ်(ရှမ်း/မြန်မာ)တို့အနက် ပဲပုတ်(မြန်မာ)မှာ ပြည်တွင်းလုပ်ငန်းသုံးမျှသာဖြစ်ခြင်းကြောင့် အရောင်းအဝယ်အေးခြင်း၊ မိုးပဲအတွက် ပြင်ဆင်ချိန်ဖြစ်၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်းကြောင့် ယခင်လ ၃တင်းတစ်အိတ် ၄၅၀၀၀၀ ကျပ်မှ ၃၉၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ပဲပုတ်(ရှမ်း)မှာ အဝင်ပုံမှန် ဆီစက် သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေးအကောင်းဆုံး ၂၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ရန်ကုန်ဝယ်လက်နည်းပြီး အရောင်းအဝယ်အေးခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်း တစ်အိတ် ၂၇၄၀၀၀ ကျပ်မှ ၂၆၈၀၀၀ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၂၇၅၀၀၀ကျပ်မှ ၂၆၉၀၀၀ ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ ကုလားပဲဈေးနှုန်းများအနက် ကုလားပဲ(လုံးဖြူကြီး V2) မှာ ရာသီဥတု အခြေအနေကြောင့် ပဲကြော်/ လှော်လုပ်ငန်းရှင်များ အဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၇၀၀၀၀ ကျပ်မှ ၂၆၅၀၀၀ ကျပ်သို့ ဈေးနိမ့် သွားသည်။ ကုလားပဲ(လုံးဝါကြီး)မှာ ပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် ၃တင်းတစ်အိတ် ၂၅၀၀၀၀ ကျပ်မှ ၂၄၇၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ခွဲခြမ်းမှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၆၄၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့အနက် ပဲယင်းနှင့် မြေထောက်ပဲမှာ အဝင်ပုံမှန် မြို့တွင်း လုပ်ငန်းသုံးပုံမှန်ရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၂၃၇၀၀၀ကျပ်၊ မြေထောက်ပဲ ၂၉၅၀၀၀ ကျပ်ဖြင့် ဈေးငြိမ်နေသည်။ စားတော်ပဲ (ကနေဒါ၊ ယူကရိန်း) စသော နိုင်ငံခြားစားတော်ပဲများ အဝင်နည်းခြင်း၊ လက်လီလုပ်ငန်းသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၃တင်းတစ်အိတ် ၄၈၀၀၀၀ ကျပ်မှ ၅၀၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့အနက် ပဲကြီး(ကြီး)မှာ အဝင်နည်းခြင်း (ပဲကြော်/လှော်) လုပ်ငန်းသမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၇၅၀၀၀ ကျပ်မှ ၂၈၅၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ပဲကြီး(သေး) ၂၂၀၀၀၀ကျပ်၊ ထောပတ်ပဲ(ကြီး) ၃၂၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၂၉၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ

ခရမ်းချဉ်(ရှမ်းတောင်)မှာ ညောင်ရွှေ၊ အင်းလေးတို့မှ ဝင်ရောက်ပြီး ၂၀ ပိဿာ တစ်သေတ္တာ အရည်အသွေးပေါ်မူတည်၍ ၃၀၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးဝယ်ယူမှုသာရှိသည်။ ငရုတ်စို (ရှည်/နှင့် လတ်)တို့မှာ မုံရွာ၊ ချောင်းဦးမှ ဝင်ရောက်ပြီး ရာသီဥတုကြောင့် အဝင်နည်းသဖြင့် ငါးပိထောင်း၊ လက်ဖက်သမားအဝယ်သာရှိသော်လည်း ငရုတ်စို(ရှည်) တစ်ပိဿာ ၄၀၀၀ ကျပ်၊ လတ်တစ်ပိဿာ ၅၀၀၀ ကျပ်ရှိ ဈေးမြင့်သွားသည်။

ရမည်းသင်းမှ စပျစ်သီး တစ်ပိဿာ ၉၀၀၀ ကျပ်၊ မုံရွာ၊ သဲတော၊ ဝမ်းတွင်းမှ ဖရဲသီးတစ်လုံး ၂၀၀၀ ကျပ်မှ ၄၀၀၀ ကျပ်ဖြင့် ဝင်ရောက်မှုများနေသည်။ ပြင်ဦးလွင်မှ ဂျပန်နာနတ် များ ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ ၄၀၀ မှ ၆၀၀ကျပ်၊ သဘော်သီး ၂လုံးထုပ် ၂၅၀၀ကျပ် တစ်လုံးထုပ် ၃၀၀၀ ကျပ်၊ လေချိုသီးတစ်ပိဿာ ၂၅၀၀ ကျပ်မှ ၄၀၀၀ ကျပ်၊ အော်ဂင်လိမ္မော် ၁၀ ပိဿာတစ်ခြင်း ၁၁၀၀၀၀ ကျပ်ဖြင့် မုံရွာ၊ ပြင်ဦးလွင်၊ ရွှေဘို၊

စာ-၄ သို့

# ကြာဟင်း

## သဘာဝကပေးအစာနှင့်ဆေး



ငယ်တုန်းက အဖွားချက်ကျွေးနေကျ ရိုးရှင်းလှသည့် ဟင်းလေးတစ်မယ်... ခြံစည်းရိုးဟင်းချိုလို့ အဖွားက တင်စားပြီးခေါ်သော အာဟာရအပြည့်ရှိသည့် ဟင်းချိုလေးတစ်ခွက်၊ ကြာဟင်းနွယ်ညွန့်နှင့်အတူ ကင်းပုံ၊ သပွတ်ညွန့်၊ ဒန့်သလွန်၊ ဆူးပုပ်တို့ခပ်ကာချက်ထားသော ဟင်းချိုရည် ပူပူချိုချိုမွှေးမွှေးလေး... ထမင်းဖြူပေါ်ဆမ်းပြီး ရောက်ရည် ညှစ်ထားသော ငပိထောင်းစပ်စပ်နဲ့ မထိတထိလေး ရောနယ်၊ သခွားသီး တို့စရာလေးကိုက်၊ အကောင်လိုက်မီးဖုတ်ထားသော ငါးနုပ်ခြောက်နှင့် အလွန်ပင် ထမင်းမြိန်ခဲ့ရပါသော ထိုကာလ... ဝမ်းချုပ်တတ်သည့် ကျွန်မတို့မောင်နှမတွေ အတွက် သဘာဝအတိုင်း ဝမ်းပျော့စေသည့်အပြင် ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းတစ်မယ် ကြာဟင်းနွယ်ညွန့် ဟင်းချိုလေးကို အမှတ်တရ လွမ်းလှပါသည်။

ကြာဟင်းပင်ဟု အခေါ်များသည့် အပင်ကို နွယ်လိမ်ပင်ဟုလည်းကောင်း၊ ညံ့နွယ်ပင်ဟုလည်းကောင်း၊ မြောက်ကန်စွန်းပင်ဟုလည်းကောင်း ဒေသအလိုက် အမျိုးမျိုးခေါ်ဝေါ်ကြ၏။ ယင်း၏အင်္ဂလိပ်အမည်မှာ Transparent wood rose ဟု ခေါ်ဆိုကြသကဲ့သို့ Turpeth နှင့် Indian jalap ဟုလည်း ခေါ်ဆိုကြ၏။ ရုက္ခဗေဒအမည်မှာ Operculina turpethum (L.) Silva. Manso ဖြစ်ပြီး မျိုးရင်း Convolvulaceae တွင်ပါဝင်၏။ ကြာဟင်းပင်သည် အာရှတိုက်၏အပူပိုင်းရာသီဥတုရှိသည့်ဒေသများ၊ အရှေ့အာဖရိက နှင့် အိန္ဒိယသမုဒ္ဒရာဒေသတို့မှ သဘာဝအလျောက် စတင်ပေါက်ရောက်ဖြစ်ထွန်း၏။ ထိုမှသည် အရှေ့အာဖရိက၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အရှေ့တောင်အာရှ၊ အင်ဒိုနီးရှားနှင့် ဩစတေးလျတို့တွင်လည်း တွေ့ရှိရ၏။ အထူးသဖြင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ တရုတ်၊ တရုတ်(ထိုင်ပေ)နှင့် မြန်မာနိုင်ငံတို့တွင် တွေ့ရှိရ၏။ ထို့အပြင် ၎င်းကို အနောက်အင်ဒီများနှင့် ပြင်သစ်ဂီယာနာ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျံ့နှံ့ပေါက်ရောက်လာခဲ့၏။ ကြာဟင်းပင်သည် မြန်မာနိုင်ငံနေရာအနှံ့တွင်လည်း သဘာဝ အလျောက် ပေါက်ရောက်တတ်၏။ အချို့သောနိုင်ငံများတွင် ယင်းအပင်ကို ပေါင်းပင်အဖြစ် သတ်မှတ်ထားကြ၏။

### ကြေးမုံငယ်



ကြာဟင်းပင်သည် နှစ်ရှည်ခံပင် အမျိုးအစားဖြစ်ပြီး မြေပေါ်တွင် တွားသွားပြီးပေါက်သော နွယ်ပင်ရှည်မျိုး ဖြစ်၏။ ခရမ်းညိုရောင်ပင်စည်မှာ တွန့်လိမ်လိမ်ထွက်လာပြီး သုံးထောင့်ပုံဖြစ်ကာ ထိုထောင့်များပေါ်တွင် အတောင် လေးများသဖွယ် ပါးလွှာသော နှုတ်ခမ်းသားပါရှိ၏။ အခက်အလက်များစွာထွက်ရှိပြီး ရွက်ရိုးတံတွင် အမွေးနုကလေး များဖြင့် ဖုံးအုပ်နေတတ်၏။ အရွက်များသည် ပင်စည်၏ တစ်ဖက်တည်းမှ လိမ်ထွက်၏။ ရွက်ပြားကြီး၍ နှလုံးပုံ သဏ္ဍာန်ရှိ၏။ ရွက်ရင်းတွင် ညီညာသော အပိုက်ကြီးများရှိပြီး ရွက်ထိပ်ချွန်၏။ ရွက်ကြောထင်ရှား၍ ရွက်နားလှိုင်း အနည်းငယ်တွန့်၏။ ရွက်ပြားချော၏။ ရွက်ညှာ အလွန်ရှည်၍ အလယ်တွင် မြောင်းတိမ်ကလေး ပါရှိ၏။ ပန်းပွင့်မှာ အဖြူရောင် ခေါင်းလောင်းပုံဖြစ်ပြီး ပွင့်ညှာတံ တစ်ခုတွင် အပွင့် ၁ ပွင့် မှ ၇ ပွင့် ထိ ပါရှိ၏။ ပွင့်ချပ်မှာ အစိမ်းရောင် ဖြစ်ပြီး ရှည်မျော မျော ဘဲဥပုံဖြစ်၏ ။ အတွင်း ၃ ဖတ်၊ အပြင် ၂ ဖတ်ရှိ၏။ အသီးကြီး၍ လုံးဝိုင်းပြီး အတွင်းတွင် ပြောင်ချောသည့်အစေ့ ၄ စေ့ရှိ၏။

ကြာဟင်းပင်တွင် ဆေးဖက်ဝင်ဂုဏ်သတ္တိရှိသည့်အတွက် ရှေးယခင်ကတည်းက အာယုဗေဒဆေးပညာအရ အသုံးပြုခဲ့ကြသည့်အပင်ဖြစ်၏။ ကြာဟင်းပင်တွင် သာမန်ဟင်းသီးဟင်းရွက်ပင်များကဲ့သို့ အာဟာရတန်ဖိုးကို ဖော်ပြထားခြင်းမရှိသော်လည်း ဓါတုဗေဒဆိုင်ရာဒြပ်ပေါင်းများ အမျိုးမျိုးပါဝင်၏။ ၎င်းတို့တွင် တာပီသင်း turpethin၊ အစေး resin၊ ဂလိုင်ကိုဆိုက် glycosides၊ ဆာပိုနင် saponins၊ ဖလေဗာနွိုက်flavonoids၊ စတီးရွိုက် steroids နှင့် ကာဗိုဟိုက်ဒရိတ်တို့ ပါဝင်သည်။ ထို့အပြင် မရှိမဖြစ်လိုအပ်သော အဆီများ၊ ဂလူးကို့စ်နှင့် ဖရက်တို့စ် fructose တို့ ပါဝင်၏။

- ကြာဟင်းနွယ်ညွန့်တွင် ဝမ်းပျော့စေနိုင်သည့်ဂုဏ်သတ္တိရှိသည့်အတွက် ဝမ်းချုပ်ခြင်းကို သက်သာစေသည့်အပြင် ကျင်ကြီးစွန့်သည့်စနစ်ကို ကောင်းမွန်စေရန် အထောက်အကူပြုစေနိုင်၏။
- ကြာဟင်းနွယ်ညွန့်သည် ကိုယ်ခန္ဓာအတွင်းရှိ ပိုလျှံနေသောရေဓာတ်ကို စွန့်ပစ်ရန် အထောက်အကူပြုနိုင်ခြင်းကြောင့် ဖောရောင်ခြင်းကို သက်သာစေနိုင်၏။
- သွေးသန့်စင်ပေးနိုင်သည့်ဂုဏ်သတ္တိရှိသည့် ကြာဟင်းနွယ်ညွန့်ကို ပုံမှန်စားပေးခြင်းဖြင့် အရေပြားရောဂါများ ခံစားရ ခြင်းမှ သက်သာစေနိုင်၏။
- လေ့လာဆန်းစစ်မှုအချို့အရ အသည်းကျန်းမာလိုသူများအနေဖြင့် ကြာဟင်းနွယ်ညွန့်ကို ပုံမှန် စားသုံးပေးသင့်၏။
- ကြာဟင်းနွယ်ညွန့်သည် သွေးအတွင်းရှိ သကြားဓာတ်ပမာဏကို ထိန်းထားပေးနိုင်ခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားနိုင် ခြင်းကို ဟန့်တားပေးနိုင်၏။
- ကြာဟင်းနွယ်ညွန့်သည် ကိုယ်တွင်းရောင်ရမ်းနာကျင်ခြင်းနှင့် ကိုက်ခဲခြင်းဝေဒနာကို သက်သာစေနိုင်စွမ်းရှိ၏။
- ကြာဟင်းနွယ်ညွန့်တွင် ချောင်းဆိုးခြင်း၊ ပန်းနာရင်ကျပ်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ အအေးမိအဆုပ်ရောင်ခြင်းနှင့် တီဘီရောဂါ အစရှိသည့် ဝေဒနာများ ခံစားရခြင်းမှ သက်သာစေနိုင် စွမ်းရှိ၏။
- ကြာဟင်းနွယ်ညွန့်သည် အစာအိမ်အတွင်းရှိ သန်ကောင်၊ တုပ်ကောင်များကို ဖယ်ရှားပေးနိုင်စွမ်းရှိ၏။
- လေ့လာတွေ့ရှိချက်များအရ ကြာဟင်းနွယ်ညွန့်ကို စားသုံးပေးခြင်းဖြင့် ပြည်တည်နာများကို သက်သာစေနိုင်သည်ဟု ဆို၏။
- ကြာဟင်းနွယ်ညွန့်တွင် ကင်ဆာရောဂါဖြစ်ရန် အလားအလာရှိသော အဖုအကျိတ်များ၊ ဆဲလ်များကွဲပြီးအသစ်ထပ်မံ ဖြစ်ပေါ်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိသည်ဟု ဆို၏။
- ရိုးရာဓလေ့များအရ ကြာဟင်းပင်ကို လိပ်ခေါင်းရောဂါ၊ အဖုအကျိတ်များ၊ အာရုံကြောဆိုင်ရာ ချို့ယွင်းမှုများ၊ အမျိုးသမီးများ လစဉ်ဓမ္မတာစက်ဝန်းကာလအတွင်း နာကျင်ခြင်းနှင့် ဖျားနာခြင်းတို့အတွက် အသုံးပြုကြသည် ဆို၏။

မြန်မာဆေးကျမ်းများ အလိုအရ ကြာဟင်းပင်သည် ချို၏၊ စဥ်းငယ်ခါး၏။ ဖန်၏၊ ပူသောသတ္တိရှိ၏။ လေကို ထုတ်စေတတ်၏ ။ လေနာ၊ နူနာတို့ကို ပျောက်စေ၏ ။

ကြာဟင်းပင်သည်မြန်မာနိုင်ငံအနှံ့နေရာဒေသအစုံတွင် အလေ့ကျပေါက်ရောက်သည့် အပင်မျိုး ဖြစ်သည့်အတွက် ဒေသစုံ၊ နယ်ပယ်စုံမှ ချက်ပြုတ်နည်းစုံလင်စွာဖြင့် ပြင်ဆင်ချက်ပြုတ်စားသုံးတတ်ကြ၏။

- ကြာဟင်းနွယ်နှင့် အဖူးအပွင့်လေးများကို ရေနွေးဖျောပြီး ငပိရည်ကျို၊ ငပိထောင်း၊ ငပိသုပ်၊ ခရမ်းချဥ်သီးထောင်း၊ ခရမ်းချဥ်သီးပန်ထွေဖျော်၊ ငရုတ်သီးထောင်း၊ ငပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။

စာ-၁၅ သို့

ကျောဖုံးမှ-

၁၀၉ ပေါင် တစ်အိတ်လျှင် ငွေကျပ် ၁၇၀,၀၀၀ မှ ၁၈၀,၀၀၀ ဈေးနှုန်း ရရှိကြောင်း သိရှိရပါသည်။

ရွှေဘိုပေါ်ဆန်းဈေးကွက်ရရှိမှု အနေဖြင့် ၂၀၁၀ ခုနှစ်မှ စတင်၍ ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချခဲ့ရပြီး ယခုလက်ရှိတွင် ရွှေဘိုပေါ်ဆန်း ဆန်ဈေးကွက်သည် တဖြည်းဖြည်း ကျယ်ပြန့်လာပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် မြို့ကြီးများအပြင် တောင်ပေါ် ဒေသများဖြစ်သည့် ရှမ်း၊ ကယား ၊ ကရင် စသည့် ဒေသများတွင်လည်း ဈေးကွက်ရရှိပြီး ဝယ်လိုအားကောင်းသည့် ထွက်ကုန်တစ်ခုဖြစ်ပါသည်။

ထိုသို့ ဈေးကွက် ကောင်းမွန်၍ ပြည်တွင်းပြည်ပ ဝယ်လိုအားရှိသည့် ရွှေဘိုပေါ်ဆန်း စပါးအား ဈေးကွက်ဝင် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ဈေးကွက်ခိုင်မာစေရေးအတွက် ရွှေဘိုပေါ်ဆန်းစပါး ဝယ်ယူကြိတ်ခွဲ တင်ပို့ရောင်းချလျက်ရှိသည့် ဆန်စက်လုပ်ငန်းရှင်များသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍ မှ ပါဝင် လျက်ရှိပါသည်။ ဆန်စက်များမှ အဆင့်မြင့်နည်းပညာများဖြင့် ကြိတ်ခွဲပြီး ဆန်အရောင်ရွေးစက်များဖြင့် သန့်စင်၍ ပထမတန်းစားဆန် အဖြစ် ဈေးကွက်သို့ တင်ပို့ရောင်းချပါက ပြည်တွင်း ၊ ပြည်ပ ဈေးကွက် ခိုင်မာစွာရရှိနိုင်



မည့် ဒေသထွက်ကုန် တစ်မျိုးဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ ထွက်ရှိသည့် ရွှေဘိုပေါ်ဆန်းအား မြန်မာနိုင်ငံ၏ ပထမဆုံး ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း Geographical Indication (GI) ရရှိရေးအတွက် ဌာနဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊



ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဘိုပေါ်ဆန်း G I ရရှိပါက အဆိုပါ ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ပိုမို ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး စိုက်ပျိုး ထုတ်လုပ်သူ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်ကြီးများ အားလုံးအတွက် အကျိုးကျေးဇူး များစွာ ရရှိလာသဖြင့် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်သည့် ကွင်းဆက် တစ်ခုလုံးအတွက် အကျိုးအမြတ် ရရှိစေပြီး ဒေသ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည့်အပြင် ဈေးကွက် အနေဖြင့်လည်း လက်ရှိတင်ပို့နေသည့် အရှေ့တောင်အာရှနိုင်ငံများ သာမက ဥရောပဈေးကွက်နှင့် အနောက်နိုင်ငံ ဈေးကွက်များသို့ပါ တင်ပို့နိုင်မည့် အလားအလာများ ရရှိနိုင်သဖြင့် မြန်မာ့ဆန်ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက် လာနိုင်မည် ဖြစ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းအား ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ထုတ်လုပ်နိုင်ရေးအတွက် ရွှေဘိုပေါ်ဆန်း ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချလျက်ရှိသော ဆန်စက်လုပ်ငန်းရှင်များနှင့် စိုက်ပျိုးသူတောင်သူများ အချိတ်အဆက်မိစွာဖြင့် ရွှေဘိုပေါ်ဆန်း စပါး အရည်အသွေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဈေးကွက်ခိုင်မာစေရေးအတွက် ဆန်စက်လုပ်ငန်းရှင်များ ၊ ဆ န် ကု န် သ ည် များ အ ချ င်း ချ င်း ညှိနှိုင်းချိတ်ဆက် ဖြန့်ဖြူးရောင်းချခြင်း၊ ကြိတ်ခွဲ တင်ပို့ရောင်းချရာတွင်လည်း အရည်အသွေးကောင်းသည့် ဆန်များ ရရှိစေရေး၊ တောင်သူများ အနေဖြင့် မျိုးကောင်းမျိုးသန့်စပါးမျိုးများ အသုံးပြု စိုက်ပျိုးစေရေး သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကာ အမျိုးသားပို့ကုန်မဟာဗျူဟာ ရည်မှန်းချက်အရ မြန်မာ့ ဆန်စပါး တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်ရန်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။


**ဒေါက်တာတင်မာမာဦး**


စာ-၁၄ မှ

- ရေနွေးဖျော့ပြီးသားကြာဟင်းနွယ်နှင့် အဖူးအပွင့်လေးများကို နှစ်သက်သလို လှီးဖြတ်ပြီးနောက် ကြက်သွန်နီပါးပါးလှီး၊ မြေပဲလှော်၊ နှမ်းလှော်ထောင်း၊ ပဲကျက်မှုန့်၊ ငရုတ်သီးစိမ်းပါးပါးလှီး၊ ပုစွန်ခြောက်မှုန့်၊ သံပရာရည်ညှစ်ပြီး နှံ့အောင် နယ်ပြီး သုပ်စားလျှင်လည်း အလွန်ပင် ခံတွင်းမြိန်စေသည့် အသုပ်လေးတစ်ပွဲရ၏။
- ကြာဟင်းနွယ်နှင့် အဖူးအပွင့်လေးများကို သန့်စင်အောင်ရေဆေးပြီးနောက် ကြက်သွန်ဖြူ၊ နီ၊ ငရုတ်သီးစိမ်းတို့ကို မညက်တညက်ထောင်းပြီး ဟင်းခတ်အဖြစ် နှစ်သက်ရာ ပုစွန်/ပုစွန်ခြောက်၊ ငါး/ငါးခြောက်၊ ငါးပိစိမ်းစားအနည်းငယ်၊ ဆား၊ နနွင်းမှုန့်၊ အရသာမှုန့်အနည်းငယ်ခပ်ပြီး အိုးတစ်လုံးထဲထည့်၊ အားလုံးသမအောင် ရောနယ်ပြီး အိုးအဖုံးအုပ်ပြီး တည်ပါ။ ဟင်းရွက်လေးများနွမ်းလာသောအခါ အဖုံးဖွင့် မန်ကျည်းနှစ်ပျစ်ပျစ်ဖျော်ပြီးထည့်၊ ရေနွေးအနည်းငယ် ထည့်ကာ သမအောင်မွှေပြီး ပွက်ပွက်ဆူအောင်တည်ပါ။ ချဉ်ငံစပ်အရသာလေးနှင့် ထမင်းမြိန်စေမည့် ကြာဟင်းနွယ် စပ်ချဉ်ချက်လေးရ၏။ အရံဟင်းဖြစ်သော်လည်း အသားဟင်းနှင့် မလဲနိုင်သောဟင်းလေးပါ။
- ပုစွန်အစို/ပုစွန်ခြောက်/ ငါးမီးအုံး/ ငါးကျည်းကြပ်တိုက်တို့ကို ကြက်သွန်ဖြူ၊ ငရုတ်ကောင်းစေ့နိုင်နိုင် မညက်တညက် ထောင်းနှင့်အတူ ငပိစိမ်းစားခပ်ကာ ဟင်းရည်ကျအောင် တည်ထားသော ဟင်းရည်အိုးထဲသို့ သဘာဝပေါက်ပင် ခြံစည်းရိုးရွက်စုံဖြစ်သည့် ကြာဟင်းနွယ်ညွှန့်နှင့်အတူ ကင်းပုံ၊ သပွတ်ညွှန့်၊ ဒန့်သလွန်၊ ဆူးပုပ်တို့ခပ်ကာ ရွက်စုံဟင်းချို အဖြစ်လည်း ချက်သောက်နိုင်၏။ ရှောက်သီးသုပ်၊ ငပိသုပ်တို့၊ ငါးခြောက်ဖုတ်နှင့်တွဲပြီးစားလိုက်ရလျှင်ဖြင့် အဲ့ဒီနေ့ အတွက် နတ်သုဒ္ဓါပင်။
- ကြာဟင်းနွယ်ညွှန့်များကို နှစ်သက်ရာအရွယ်ချိုးဖြတ် သန့်စင်ပြီးနောက် ဒယ်အိုးပူပူတွင် ဆီအနည်းငယ်ထည့်၊ ခေးပြားရိုက်ထားသော ကြက်သွန်ဖြူထည့် ဆီသတ်ပြီး ကြော်စားနိုင်၏။

ရာသီချိန်ခါနှင့်အညီ သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ကြာဟင်းပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုးတန်ဖိုးထားပြီး ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

**ကြေးမုံငယ်**





# ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
# ရွှေဘိုပေါ်ဆန်းစပါး



ဒေါက်တာတင်မာမာဦး

ဆန်စပါးသည် နှံစားသီးနှံများအနက် စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု အများဆုံးသီးနှံဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် ဆန်စပါးကို အဓိက အစားအစာအဖြစ် စားသုံးလျက် ရှိကြရာ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျသော သီးနှံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း ဆန်စပါးသည် အဓိကစားသုံးသော သီးနှံဖြစ်ပြီး မြန်မာ့စီးပွားရေး၏ အသက်သွေးကြောလည်းဖြစ်ကာ နှစ်စဉ် ဧက ၁၇ သန်း ကျော် စိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေး ဦးတည်ချက်များကို ချမှတ်ရာတွင် “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ် လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး” ကို ပထမဦးဆုံးဦးတည်ချက်အဖြစ် သတ်မှတ်ထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီတာဝန်ယူရသည့်အချိန်အတွင်း ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် MSME လုပ်ငန်း များကို အားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိဒေသအသီးသီးတွင် ဒေသထွက်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ပြီး ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ဆောင်ရွက်နိုင်သည့်အလားအလာကောင်းများ များစွာရှိသည်ဖြစ်ရာစစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရွှေဘိုပေါ်ဆန်းစပါးသည်လည်း ပြည်တွင်းပြည်ပ ဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်သည့် ဒေသတစ်ခုထုတ်ကုန်တစ်မျိုး One Region One Product (OROP) ထုတ်ကုန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုပေါ်ဆန်းစပါးစတင် စိုက်ပျိုးမှုအနေဖြင့် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှ တောင်သူတစ်ဦးသည် ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်း မြို့နယ်၊ ဗိုလုံကျေးရွာမှ ပေါ်ဆန်းဘေးကြားစပါးမျိုး ၄ ပြည်ယူဆောင်ခဲ့ပြီး စမ်း သပ်စိုက်ပျိုးခဲ့ရာမှ စတင်ခဲ့သည်။

၂၀၀၄-၂၀၀၅ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed ) အဆင့်ရှိ ပေါ်ဆန်းဘေးကြား ၆၀ တင်း သယ်ယူ၍ ရွှေဘိုမြို့နယ်အတွင်းရှိ မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူများနှင့်မျိုးပွားခြင်းများကို ဆောင်ရွက်ခဲ့ရာ ရွှေဘိုဒေသ ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းမှုကောင်းမွန်ခြင်း၊အထွက်နှုန်း ကောင်းမွန် ခြင်း၊ ဆန်ထွက်ကောင်းခြင်းနှင့် စားသုံးမှု အရသာ ကောင်းမွန်ခြင်းတို့ကြောင့် လူကြိုက်များလာခဲ့ရာ တောင်သူအချင်းချင်း မျိုးဖလှယ်၍ စိုက်ပျိုးမှု များပြားလာခဲ့ပြီး ၂၀၀၆ - ၂၀၀၇ ခုနှစ်ခန့်မှ စတင်၍ မန္တလေး ဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းဟု နေရာရလာကာ လူကြိုက်များ လာခဲ့သည်။

ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်၏ ထူးခြားကောင်းမွန်သည့် လက္ခဏာများသည် ဒေသ ရေမြေ ရာသီဥတုနှင့် ကိုက်ညီသည့်အတွက် စပါးအထွက်ကောင်းခြင်း၊ အလေးချိန်စီးပြီး အနှစ် ပြည့်ဝခြင်း၊ စပါးပေါ်ချိန်မှစ၍ သိုလှောင်ချိန်ကာလများအထိ ဈေးကွက်ခိုင်မာပြီး ဈေးကောင်းရခြင်း၊ ဆန်ထွက်ကောင်းပြီး ဆန်အရည်အသွေးနှင့်ဆန်သားကောင်းမွန်ခြင်း၊ စပါးရိတ်ချိန်တွင် အစေ့ကြွေကျမှုနည်း၍ လေလွင့်မှုသက်သာခြင်း၊ အိုးတက်ခြင်း၊ အနံ့မွှေးပြီးနူးညံ့သဖြင့် စားကောင်းသည့်ဆန် ဖြစ်ခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သော အပြည်ပြည်ဆိုင်ရာဆန်စပါးညီလာခံတွင် “ကမ္ဘာ့အကောင်းဆုံးဆန် (World Best Rice)” အဖြစ် ရွေးချယ်ခံခဲ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၂၃ - ၂၀၂၄ ခုနှစ် စပါးစိုက်ဧရိယာ ၁၈ သိန်းအနက် ရွှေဘိုပေါ်ဆန်း ၃၅၆၈၄၂ ဧက စိုက်ပျိုးခဲ့သဖြင့် တိုင်းဒေသကြီး၏ ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်ရွှေဘိုပေါ်ဆန်း စိုက်ပျိုးမှု အနေဖြင့် ရွှေဘိုခရိုင်၂၁၈၃၄၄ ဧက၊ ရေဦးခရိုင် ၁၁၁၈၉၀ ဧက၊ ကန့်ဘလူခရိုင် ၂၂၇၄၅ ဧက စိုက်ပျိုးပြီး ကလေးခရိုင်၊ ကသာခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်များတွင် အနည်းငယ်စီ စိုက်ပျိုးကြသည်။ တစ်ဧကပျမ်းမျှ အထွက်နှုန်း အနေဖြင့် ၈၁ တင်းနှုန်း ထွက်ရှိခဲ့ပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း သိရှိ ရ သည်။

ရွှေဘိုပေါ်ဆန်း စိုက်ပျိုးခြင်းဖြင့် ရရှိမည့် အကျိုးအမြတ်အနေဖြင့် ယခုလက်ရှိ ဈေးနှုန်း များအရ ရွှေဘိုပေါ်ဆန်း ( စပါး) တင်း ၁၀၀ လျှင် ၄,၀၀၀,၀၀၀ ကျပ်အထိ ရောင်းချရကြောင်းနှင့် ရွှေဘိုပေါ်ဆန်း(ဆန်)

စာ-၁၅ သို့

